ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၂၇) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်**

**( ၂၀၁၅ ခုနှစ်၊ မတ်လ ၁၆ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၅၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၃.၉၅) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၇)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ<br>ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးအောင်ငြိမ်း၊ မကွေး(၂)၊ နိုင်ငံခြားခရီးစဉ်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖုန်းမြင့်အောင်၊ ရန်ကုန်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်ဌေး၊ မန္တလေး(၁၀)၊ မိသားစုအလှူ။ ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခင်မောင်ရီ၊ ဧရာဝတီ(၆)၊ ဥပဒေကြမ်းကော်မတီအစည်းအဝေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ၎င်းအတိုင်း။ ဦးစိုးမြင့်၊ မကွေး(၆)၊ ၎င်းအတိုင်း။ ဦးတင်ယု၊ ရန်ကုန်(၁၁)၊ ၎င်းအတိုင်း။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ၎င်းအတိုင်း။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ၎င်းအတိုင်း။ ဦးကျော်ကျော်၊ ရခိုင်(၂)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်ကျော်ဦးလွင်၊ တပ်မတော်၊ ၎င်းအတိုင်း။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ၎င်းအတိုင်း။ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ၎င်းအတိုင်း။ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ ၎င်းအတိုင်း။ ဦးမောင်အေးထွန်း၊ ရခိုင်(၉)၊ ၎င်းအတိုင်း။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ၎င်းအတိုင်း။ ဗိုလ်မှူးကြီးခင်စိုး၊ တပ်မတော်၊ ၎င်းအတိုင်း။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းလွင်၊ ကချင်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောထွန်းမြအောင်၊ ကရင်(၅)၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲ။ ဒေါက်တာကျော်သိန်း၊ မွန်(၄)၊ ကျန်းမာရေး။ ဒေါ်နော်မေရီးယန်၊ ကယား(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်မောင်အေး၊ ဧရာဝတီ(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကျန်းမာရေး။ ဦးလှိုင်ဦး၊ ဧရာဝတီ(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတိုးဝင်း၊ တနင်္သာရီ(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောအေးမြိုင်၊ ကရင်(၈)၊ ကျန်းမာရေး။ ဦးစိုးဝင်း၊ ဧရာဝတီ(၂)၊ ပြည်ပခရီးစဉ်။ ဦးညွန့်လှိုင်၊ ဧရာဝတီ(၄)၊

ဒေသဖွံ့ဖြိုးရေး။ ဦးခမ်ဆွမ်းမုန်၊ ချင်း(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ချစ်လွင်၊ စစ်ကိုင်း(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးချုပ် ခင်မောင်အေး၊ တပ်မတော်၊ ပညာ ရေးဥပဒေကြမ်းကြားနာ။ ဗိုလ်မှူးရဲမင်းထွေး၊ တပ်မတော်၊ တာဝန်။ ဗိုလ်မှူးမျိုးမင်းသန့်၊ တပ်မတော်၊ တာဝန်။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ဆေးစစ်။ ဦးအုန်းတင်၊ ရခိုင်(၁၀)၊ ဆေးကုသ။ ဦးကျွန်ခဲန်း၊ ချင်း(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ကျန်းမာရေး။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ဒေသတွင်း လူမှုရေးကိစ္စ။ ဦးစခုန်တိန်ယိန်း၊ ကချင်(၄)၊ ကျန်းမာရေး။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကိုယ်တိုင်ဆောင်ရွက် ရန်။ ဦးလျူကွယ်ရှို၊ ရှမ်း(၁၁)၊ ဒေသဖွံ့ဖြိုးရေးတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထား သူ(၅၆)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမယ့် မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## လက်ပံတန်းမြို့နယ်၊ ရေကန်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)တွင် တစ်ထပ်တိုးချဲ့ဆောင် အသစ် တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း က လက်ပံတန်းမြို့နယ်၊ ရေကန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် တစ်ထပ်တိုးချဲ့ဆောင် အသစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါခင်ဗျား။ ကျွန်တော် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က ဦးမြင့်ထွန်း အနေနဲ့ ပြီးခဲ့တဲ့လက ဥပဓိရုပ်အခြေအနေ ဆိုးလွန်းလို့ မူလတန်းကျောင်း(၁)ကျောင်းက အောက်က ဒေါက်ထောက်တပ်ထားတာတွေ၊ နောက်အကာ အခင်း မကောင်းတာတွေ ဒါ ကြယ်ပွင့်ပြမေးခွန်းတစ်ခု တင်ပြခဲ့ဖူးပါတယ်။ လက်ပံတန်းမြို့နယ်က အခြေခံပညာမူလတန်းကျောင်း၊ ကွမ်းသီးတစ်ပင် ဖြစ်ပါတယ်။ ဒုတိယဝန်ကြီးဒေါက်တာဇော်မင်းအောင် အနေနဲ့ အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားခဲ့ပါတယ်။ ဒါကို ဥက္ကဋ္ဌကြီးက ဒီလောက် အခြေအနေဆိုးနေတာ အစိုးရဆိုင်းဘုတ် တင်လို့တောင် မကောင်းဘူး။ ကြည့်ပေးသင့်ပါတယ် ဆိုပြီးတော့ ပြောခဲ့ပါတယ်။ အခုလဆန်းမှာ ကျွန်တော် ကွင်းဆင်းတဲ့အခါမှာ သက်ဆိုင်ရာက အဲဒီကျောင်းလေးကို လာပြီးတော့ စစ်ဆေးသွားတာ ဒါ ဝမ်းသာစွာနဲ့ပဲ ဒါကြားခဲ့ရပါတယ်။ ဒါ ပညာရေးဝန်ကြီးဌာနက Plod Action ဒါ ချက်ချင်းလာလုပ်ပေးတာကို ရွာသားတွေကလည်း ဝန်ကြီးဌာနကို အထူးကျေးဇူးတင်ကြပါတယ်။ ဥက္ကဋ္ဌကြီးကိုလည်း သူတို့ ကျေးဇူးတင်ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုလေးတွေသာ သက်ဆိုင်ရာဝန်ကြီးဌာနတွေက ခုလိုချက်ချင်း Plod Action ယူပေးရင် လွှတ်တော်၊ အစိုးရနဲ့ ပြည်သူဟာ တစ်သားတည်းဖြစ်နေမယ်လို့ တင်ပြလို ပါတယ်။ မနှစ်တစ်နှစ်က ကျွန်တော်တို့ ပဲခူးတိုင်းမှာပဲ သဲကုန်းမြို့က စာသင်ကျောင်းတစ်ကျောင်း ပြိုကျလို့

ကလေး(၁၇)ယောက် ဒဏ်ရာရကြပါတယ်။ ဒါသင်ခန်းစာပါခင်ဗျား။ အဲဒီတုန်းက တချို့ကလေးတွေ ရန်ကုန်ဆေးရုံကြီးအထိ ပို့ရပါတယ်။ လူကြီးတွေလည်း သွားတော့ကြည့်ကြပါတယ်။ အသေအပျောက် မရှိပေမယ့်လည်း မဖြစ်ရင်တော့ ပိုကောင်းပါတယ်ခင်ဗျား။ ဒီလိုပဲ ကျွန်တော်တို့နိုင်ငံမှာ ရွာတွေက ဆင်းရဲ၊ စာသင်ကျောင်းတွေက ဥပမိရုပ်မကောင်း၊ ဆရာ/ဆရာမ မလုံလောက်၊ အခင်းမရှိ၊ အကာမရှိ၊ ခြံစည်းရိုး မရှိ၊ ကျွဲ၊ နွားတွေကဝင်၊ စာသင်ကာနီး မောင်းထုတ်၊ အတန်းလိုက် အတန်းလိုက် အခန်းမရှိ၊ အကာမရှိ၊ ကိုယ်စားလှယ်ကြီးတစ်ဦး ပြောသလို သူတို့ဆီမှာလည်း ဆင်းရဲကြလို့ ဘုန်းကြီးကျောင်းတွေမှာ ထမင်းကျန် ဆွမ်းကျန် တန်းစီတောင်းစားကြရတဲ့ ကျောင်းသားတွေ အကြောင်းတွေလည်း ကြားသိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုတင်ပြမယ့်ကျောင်းက အန္တရာယ်တော့မရှိပါဘူး။ ကလေးတွေ ပွတ်သိပ်နေတဲ့ကိစ္စလေးပါ။ ဒါမျိုးလေးတွေကို သက်ဆိုင်ရာက သွား သွားကြည့်ပေးမယ်ဆိုရင် ကျွန်တော်တို့ ကိုယ်စားလှယ် လေးတွေ တင်ပြဖို့တောင် မလိုတော့ပါဘူး။ ကျွန်တော်တို့နိုင်ငံမှာ ဒါမျိုးတွေ၊ ကျောင်းတွေ အများကြီးပါ။ ကိုယ်စားလှယ်တွေလည်း တင်တော့တင်နေကြပါတယ်။ ဘတ်ဂျက်ကလည်း နည်းတဲ့ အခါကျတော့ သက်ဆိုင်ရာကလည်း အခက်အခဲတော့ရှိမှာပါ။ ဒါတွေလည်း ကျွန်တော်တို့ တွက်ထားပါတယ်။ သို့သော်လည်း ဘာပဲဖြစ်ဖြစ် ဝန်ကြီးဌာနက ဆင်းကြည့်ပေးမယ်ဆိုရင် ရွာသားတွေ ကျေးဇူးတင်ကြမှာ ဖြစ်ပါတယ်။

၂၀၁၁-၂၀၁၂ ခုနှစ်လောက်က ကျွန်တော်တို့ တင်ပြခဲ့တဲ့ အန္တရာယ်ရှိတဲ့ကျောင်းတွေ ပြန်ကြည့်ရင် သာယာဝတီမြို့နယ်ဘက်က (၄)ကျောင်းနဲ့ လက်ပံတန်းဘက်က (၁၅)ကျောင်း၊ အခု ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာနှစ်ကျမှ ပါလာတာ တွေ့ရပါတယ်။ ဘာပဲဖြစ်ဖြစ် ကျေးဇူးတင်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုတင်ပြမယ့်ကျောင်းကလက်ပံတန်းမြို့နယ်ကပဲ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ရေကန်ဖြစ်ပါတယ်။ ဘယ်နေရာမဆို စာသင်ကျောင်းတွေက စုစုစည်းစည်းရှိတတ်ကြပါတယ်။။ ဒီကျောင်းကတော့ စုစုစည်းစည်းသင်လို့ကိုမရပါဘူး။ ကျပ်ကျပ်တည်းတည်းဖြစ်လွန်းလို့ ရွာမှာရှိတဲ့ ရဲကင်းက လူပျိုဆောင်လိုနေရာမျိုးမှာ (၈)တန်းကျောင်းသား (၄၆)ယောက်သွားသင်ရပါ တယ်။ Power Point နဲ့ (၂)ပုံလောက် ပြခွင့်ပြုပါ ခင်ဗျား။ ပိုဆိုးတာက Furniture မရှိတာပါ။ ရေရှည်မှာ အခုလို ထိုင်ဖို့၊ ပြုဖို့ဆိုတာ တော်တော်ခက်ပါတယ်။ အဲဒီတော့ ရဲကင်းကလည်း သူတို့ နေရာလေး ခဏသန့်ရှင်းရေးလုပ်ပြီး ဖယ်ဖယ်ပေးပါတယ်။ တော်တော်လေး ပြန်ပြီးတော့ စဉ်းစားပေးဖို့၊ ဒါ ဝမ်းနည်းဖို့လည်း ကောင်းပါတယ်။ ဒါ တင်ပြခြင်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ၂၀၁၅-၂၀၁၆ ဘတ်ဂျက်ထဲမီရင် ကျောင်းဆောင်လေး တစ်ဆောင်လောက်တော့ ထည့်ပေးဖို့ တင်ပြလိုပါတယ်။ ပရိဘောဂအပါအဝင်ပေါ့ ခင်ဗျား။ မမီရင်တော့လည်း လာမယ့်နှစ်မှာ ထည့်ပေးဖို့ စီမံထားပေးစေချင်ပါတယ်။ ကတိကဝတ်လေးလည်း ပေးစေချင်ပါတယ် ခင်ဗျား။ ရွာလူထု ဝမ်းသာသွားအောင်ပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းမှာက (၆၀ ပေ x ၃၀ ပေ)နဲ့ (၉၀ ပေ x ၃၀ ပေ) တစ်ထပ်ဆောင်နှစ်ဆောင်ပဲ ရှိပါတယ်။ ပတ်ဝန်းကျင်က (၆၀၀)၊ (၇၀၀)လောက် ဒါ မှီခိုပြီးတော့ ကျောင်းကိုလာတက်နေကြ ရတာ ဖြစ်ပါတယ်။ ကျောင်းသားဦးရေက အဲဒီကျောင်းမှာ စုစုပေါင်း (၃၃၂)ယောက်နဲ့ ဘယ်လိုမှ မမျှတပါဘူး။ တော်တော်ကို ကျပ်တည်းလို့ ရဲကင်းမှာ သွားသင်နေရပါတယ်။ ဒါကိုလည်း ဒုတိယ

ဝန်ကြီးက အစီအစဉ် မရှိပါဘူးလို့ ဖြေကြားသွားမယ်ဆိုရင် ဒါ ကျွန်တော်တို့ အထူးစိုးရိမ်ပါတယ်။ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တွေအဖြစ်ကလည်း ကွင်းဆင်းကြ၊ တကယ်လိုလို့ တင်ပြကြ၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးတို့က အစီအစဉ် မရှိသေးပါဘူး တစ်လုံးတည်းနဲ့ ဖြေလိုက်တာနဲ့ ကြိုးဝိုင်းထဲမှာ အလဲထိုး ခံရတဲ့ လက်ဝှေ့သမားလို ဖြစ် ဖြစ်သွားပါတယ်။


ပြည်သူ့လွှတ်တော်က ကိုယ်စားလှယ်တွေဆို မြို့နယ်တစ်ခုတည်း ရွာတစ်ရွာလောက် ပတ်လိုက်ရင် ဖြစ်ပါတယ်။ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တွေကျတော့ ကားလမ်းတွေ မပေါက်ကြတော့ ဆိုင်ကယ်နဲ့တစ်မျိုး၊ ခြေလျင်တစ်မျိုး၊ ကုန်းကြောင်းတစ်မျိုး၊ လှေနဲ့တစ်မျိုး ဒါ နှစ်မြို့နယ်၊ သုံးမြို့နယ်လောက်ကို ကျေးရွာ (၂၀၀)၊ (၂၅၀)လောက် ကွင်းဆင်းပတ်နေရပါတယ်။ ကျောင်းတွေ၊ ဆေးခန်းတွေ၊ လမ်းတွေ၊ တောင်သူလယ်သမားတွေ၊ ရွာသူရွာသားတွေကို လိုအပ်တာတွေ မေးမြန်းပြီးတော့မှ စုံစမ်းရပါတယ်။ လွှတ်တော်မှာ ကျွန်တော်တို့ ကျေးရွာလမ်းတွေနဲ့ပတ်သက်ပြီး ကြယ်ပွင့်မပြတင်ပြလို့ရှိရင် ကျေးလက်ဝန်ကြီးဌာနက ကျေးရွာ/မြို့နယ်/ခရိုင်/ပြည်နယ်/တိုင်း အဆင့်ဆင့်ရဲ့ စိစစ်ထောက်ခံချက်တွေနဲ့ တင်ပြပါ ဆိုပြီးတော့ စာပြန်လာတာတွေ ရှိပါတယ်။ ကျွန်တော်တို့ အခက်အခဲလေးတွေ တင်ပြတာပါ။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီကျောင်းနဲ့ ပတ်သက်လို့ (၉၀ ပေ x ၃၀ ပေ) အုတ်ညှပ်တစ်ထပ်ဆောင်လေး တစ်ဆောင်လောက် လက်ပံတန်းမြို့နယ် အလယ်တန်းကျောင်း(ခွဲ) ရေကန်မှာ ထပ်တိုးပြီး ဆောက်ပေးဖို့ရာ အစီအစဉ်ကို မေးမြန်းလိုတာ ဖြစ်ပါတယ်။ လုပ်ထုံးလုပ်နည်းအတိုင်းလည်း အထက်ဌာနအဆင့်အထိ တင်ပြပြီး ဖြစ်ပါတယ်။ တွက်ချက်မှုအရကတော့ ကျေးရွာက ကျပ် (၁၀)သိန်း ထည့်ပြီးတော့ နိုင်ငံတော်က (၁၁၄)သိန်း ထည့်ပေးရမှာ ဖြစ်ပါကြောင်း ကျေးရွာလူထုကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ရွာရှိ ရဲကင်းလူပျိုဆောင်တွင် စာသင်ကြားနေရသည့် ပုံ ( )



လက်ပံတန်းမြို့နယ်၊ ရေကန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)ပုံ ( )



**လားရှိုးမြို့နယ်၊ မိုင်းယော် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းစံမင်း က လားရှိုးမြို့နယ်၊ မိုင်းယော် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်း အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဦးစိုင်းစံမင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ရှေးဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီး မှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်းသွားမှာကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ်၊ မိုင်းယော် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်း ကျောင်းအဆင့်သို့ တိုးမြှင့်ပေးသွား နိုင်ရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖော်ပြပါ မိုင်းယော် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဟာ လားရှိုးမြို့နဲ့ မိုင်(၃၀)ခန့်ကွာဝေးပြီး မိုင်းယော်ကျေးရွာအုပ်စုထဲမှာ တည်ရှိပါတယ်။ ၂၀၀၉ ခုနှစ်တွင် မိုင်းယော် အခြေခံပညာအလယ်တန်းမှ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခဲ့သည်မှာ (၆)နှစ် ရှိခဲ့ပြီဖြစ်ကြောင်းသိရှိရပါတယ်။ ၎င်းကျောင်းကို မြေဧရိယာအကျယ်အဝန်း (၁၀.၇၆) ဧကပေါ်တွင် တည်ဆောက်ထားပါသဖြင့် ကျောင်းဧရိယာကျယ်ဝန်းပြီး အခြေခံပညာမူလတန်းအဆင့်တွင် ကျောင်းသူ/ကျောင်းသား (၄၈၅)ဦး၊ အခြေခံပညာ အလယ်တန်းအဆင့်တွင် (၂၆၂)ဦး၊

အခြေခံပညာအထက်တန်းအဆင့် နဝမတန်း၌(၄၀)ဦး၊ ဒသမတန်းတွင်(၂၄)ဦး စုစုပေါင်းကျောင်းသား ဦးရေ (၈၁၃)ဦး တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း သိရှိရပါတယ် ခင်ဗျား။

ပြီးခဲ့တဲ့ စာသင်နှစ် ဒသမတန်းအောင်ချက်ကတော့ (၃၁.၄၃)ရာခိုင်နှုန်း ရှိခဲ့ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ၂၀၁၄-၂၀၁၅ ခုနှစ် ပညာသင်နှစ်တွင် အခြေခံပညာ အလယ်တန်း ကျောင်းအုပ်ဆရာမကြီး အပါအဝင် အထက်တန်းပြ (၆)ဦး၊ အလယ်တန်းပြ (၁၀)ဦး၊ မူလတန်းပြ (၁၃)ဦးဖြင့် ဆရာ/ဆရာမဝန်ထမ်းအင်အား (၃၀)ဦးနှင့် ကလေးတွေရဲ့ ပညာရေးကို သင်ကြားပေးလျက် ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းယော်ကျေးရွာအုပ်စုသည် တိုက်နယ်ပြည်သူ့ဆေးရုံ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းနှင့် မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်ထုတ်လွှင့်တဲ့ Microwave စခန်း ကိုယ်ထူကိုယ်ထရေအား လျှပ်စစ်စနစ်ဖြင့် (၂၄)နာရီ လျှပ်စစ်ဓာတ်အား ရရှိပြီး၊ လမ်းပန်းဆက်သွယ်ရေးနဲ့ စီးပွားရေးကောင်းမွန်တဲ့ နေရာဒေသ ဖြစ်ပါတယ်။ မိုင်းယော်တိုက်နယ်အတွင်း ကျေးရွာအုပ်စုပေါင်း (၂၈)အုပ်စု၊ ရွာပေါင်း (၂၂၀)ရွာနှင့် လူဦးရေ (၃၀၀၀၀)ခန့် နေထိုင်လျက်ရှိသော မိုင်းယော် အ.ထ.က (ခွဲ)၏ ပတ်ဝန်းကျင်ကျေးရွာရှိ ကျောင်းအရေအတွက်မှာ (၅၁)ကျောင်းရှိပါတယ်။ မိုင်းယော် အ.ထ.က(ခွဲ) အား အခြေခံပညာအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ရန် အများပြည်သူလူထုနှင့် ကျေးလက် နေကျောင်းသူ/ကျောင်းသားများအတွက် အထူးအရေးပါ လိုအပ်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနမှ ကျောင်းအဆင့်တိုးမြှင့်ပေးရန် သတ်မှန်ချက် ငွေများရှိပါသော်လည်း ဒေသန္တရအရ၊ အခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ် လိုအပ်လျက်ရှိပါသဖြင့် တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ပါရန် လေးစားစွာဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆွေးနွေးတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒေးဒရဲမြို့နယ်၊ ကုလားကုန်းတန်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေ က ဒေးဒရဲမြို့နယ်၊ ကုလားကုန်းတန်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ မင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်စုံကြပါစေခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေ ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းအနေနဲ့ကတော့ ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်၊ ကုလားကုန်းတန်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အား

အခြေခံပညာအလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုနိုင်ပါရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်၊ ကုလားကုန်းတန်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ဟာ ဒေးဒရဲမြို့နဲ့ (၉)မိုင်ခန့် ကွာဝေးပြီးတော့ ရေလမ်းသာ ရှိပါတယ်။ အနီးဆုံးဖြစ်တဲ့ အထက်တန်းကျောင်း(ခွဲ)နေရောင်ကာကျေးရွာနဲ့ (၅)မိုင်ကျော် ကွာဝေးပြီးတော့ ရေလမ်းဖြင့်သာ သွားလာနိုင်ပါတယ်။ နောက်တစ်ခုကလည်း နာဂစ်ဆိုင်ကလုံးမုန်တိုင်းဒဏ်ကို ပြင်းပြင်းထန်ထန် ခံစားခဲ့ရတဲ့ကျေးရွာတစ်ရွာ ဖြစ်ပါတယ် ခင်ဗျား။ ၂၀၀၈ ခုနှစ်၊ နာဂစ်မုန်တိုင်း ဒဏ်ကြောင့် ကျောင်းဆောင်တွေအားလုံး ပြိုကျပျက်စီးပြီးသွားတဲ့ နောက်မှာ ၂၀၀၉ ခုနှစ်၊ ပညာရေးဌာနရဲ့ ခွင့်ပြုရန်ပုံငွေနဲ့ ကျပ်(၂၁၆)သိန်းတန် (၆၀ ပေ x ၃၀ ပေ x ၁၂ ပေ)ရှိတဲ့ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း စာသင်ခန်း(၃)ခန်းပါတဲ့ တစ်ထပ်ဆောင် တစ်ဆောင်၊ နောက်တစ်ခါ UN-Habitats အဖွဲ့က ကျပ်သိန်း (၆၀)တန်တဲ့ (၄၀ ပေ x ၂၈ ပေ x ၁၂ ပေ)ရှိတဲ့ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း အခန်း (၂)ခန်းပါတဲ့ တစ်ထပ်ဆောင်နှစ်ဆောင်ကို ဆောက်လုပ် လှူဒါန်းခဲ့ပါတယ်။

ဒါ့အပြင် ၂၀၁၀ ခုနှစ်မှာ M.B.E အဖွဲ့ အလှူရှင်တွေကနေပြီးတော့ ကျပ်သိန်း (၁၅၀၀) တန်တဲ့ အလျား(၇၀)ပေ၊ အနံ(၃၀)ပေ၊ အမြင့်(၃၅)ပေ ရှိတဲ့ သွပ်မိုးအုတ်ကာ၊ ကွန်ကရစ်ခင်း နှစ်ထပ်ဆောင်ကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့ပါတယ်။ အဲဒီလို ဘက်ပေါင်းစုံကနေ ပံ့ပိုးမှုအားကောင်းခဲ့တဲ့ ကျေးရွာအလယ်တန်းကျောင်းခွဲလေး ဖြစ်ပါတယ်။ နာဂစ်မုန်တိုင်းဒဏ် ပြင်းထန်စွာခံစားခဲ့ရပေမယ့် နာလန်ထူဖို့အတွက်ကို ဘက်ပေါင်းစုံကနေပြီးတော့ ပံ့ပိုးမှု အားကောင်းကောင်းနဲ့ ဆောင်ရွက်ပေးခဲ့တဲ့ ကျေးရွာလေးတစ်ရွာလည်း ဖြစ်ပါတယ်။ ကျောင်းမှာ လက်ရှိကျောင်းတက်ဆဲကျောင်းသားဦးရေအနေနဲ့ က အဋ္ဌမတန်းက (၄၂)ဦး၊ သတ္တမတန်းက (၄၂)ဦး၊ ဆဋ္ဌမတန်းက (၅၇)ဦး၊ ပဉ္စမတန်းက (၆၄)ဦးနဲ့ မူလတန်းကျောင်းသား (၃၂၂)ဦးအပါအဝင် ကျောင်းသား စုစုပေါင်း(၅၂၇)ဦး ရှိပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ဒီအလယ်တန်းကျောင်းခွဲဟာ အလယ်တန်းကျောင်းခွဲကနေပြီးတော့ အခြေခံပညာ အလယ်တန်းကျောင်းအဆင့်ကို တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိမယ်ဆိုရင် အထက်တန်းပညာ ဆက်လက်သင်ယူနိုင်ဖို့အတွက် ကျေးရွာပြည်သူတွေကလည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမယ်၊ လိုအပ်ချက်မှန်သမျှ ကျေးရွာပြည်သူလူထုကနေပြီးတော့ ပံ့ပိုးဆောင်ရွက် ပေးသွားမယ်ဆိုတာကိုလည်း ကျွန်တော်နဲ့ တွေ့ဆုံတဲ့အခါမှာ သူတို့အားလုံးကနေပြီးတော့၊ လာရောက်ပြီးတော့ တင်ပြဆွေးနွေးကြပါတယ်။

အဲဒီအတွက်လည်း ဒီဟာကို လွှတ်တော်ထဲမှာ ကျွန်တော့်ကို ကျေးရွာအတွက်ပါ တင်ပြပေးပါဆိုပြီးတော့ ဝိုင်းဝန်းပြီးတော့ ပြောဆိုဆွေးနွေးကြပါတယ်။ ဒီအတွက် တင်ပြပေးရခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ တင်ပြလိုတာကတော့ ကျွန်တော့်ရဲ့မဲဆန္ဒနယ်မြေ ဖျာပုံ၊ ဒေးဒရဲ နှစ်မြို့နယ်မှာ ကျေးရွာပေါင်းဟာ (၆၀၀)လောက် ရှိပါတယ်။ အဲဒီကျေးရွာ(၆၀၀)ခန့်ထဲက ဖြစ်သင့်ဖြစ်ထိုက်တဲ့ဒေသတစ်ခု၊ နှစ်ခုကိုသာ တင်ပြတာဖြစ်တဲ့အတွက် ကျွန်တော်တို့တင်ပြတဲ့အပေါ်မှာ အလေးအနက် လေးထားပြီးတော့ စဉ်းစားစေလိုပါတယ်။ ကုလားကုန်းတန်း အ.လ.က (ခွဲ)မှာ တက်နေတဲ့ ကျောင်းသား (၅၂၇)ဦးရဲ့ ရေရှည်အနာဂတ်အတွက်ကို ကျောင်းသားအင်အား၊ ကျောင်းဆောင်၊ ကျောင်းပိုင်မြေ၊

ပရိဘောဂပစ္စည်းတွေဟာလည်း ကျေးရွာကနေ ပြည့်စုံလုံလောက်မှုရှိအောင် အားလုံးက အားတက်သရောနဲ့ ပညာရေးကို စိတ်ပါဝင်စားစွာနဲ့ ကူညီဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။

အဲဒီလိုဆောင်ရွက်ပေးနေတဲ့ ကျေးရွာတစ်ရွာ ဖြစ်တဲ့အတွက် ကုလားကုန်းတန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးသင့်ပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၂။**

**ဦးသန့်ရှင်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန ကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဦးသန့်ရှင်း က လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ မေးခွန်းများနဲ့ ပတ်သက်၍ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး၊ အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်း ရဲ့မေးခွန်းကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာန အနေဖြင့် ကျောင်းဆောင်များ အသစ်တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အပြီးသတ်ဆောက်လုပ်ခြင်း လုပ်ငန်းများနှင့် ပတ်သက်ပြီး ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ ကျောင်းဆောက်လုပ်ပြီးစီးသည့် သက်တမ်းကြာမြင့်ပြီး အန္တရာယ်ရှိမှုအခြေအနေ၊ လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ မြို့နယ်ဦးစားပေးအစီအစဉ် ကျောင်းအလိုက်တန်းစီဇယားတွင် ထည့်သွင်းလျာထားခြင်းဖြင့်လည်းကောင်း ဆောင်ရွက်လျက် ရှိပါတယ်။

သို့ဖြစ်ပါ၍ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ မြို့နယ်ဦးစားပေးအစီအစဉ် ကျောင်းအလိုက် တန်းစီဇယား အရလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသည့် အချက်များကိုလည်းကောင်း စိစစ်၍ ဆောင်ရွက်ပေးလျက်ရှိရာ ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်တွင် အန္တရာယ်ရှိ ကျောင်း(၁၅)ကျောင်းနှင့် မူကြိုကျောင်းဆောင်(၁)ဆောင် တို့ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း ရန်ပုံငွေခေါင်းစဉ်အောက်မှ လျာထားပြီးဖြစ်ပါသဖြင့် ယခု ကိုယ်စားလှယ်ကြီးတင်ပြသည့် ရေကန် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား ကျောင်းဆောင်သစ်(၁)ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ရှမ်းပြည်နယ် အမှတ်(၃) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံမင်း ရဲ့ မေးခွန်းနဲ့ပတ်သက်၍ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အထိ အခြေခံပညာအထက်တန်းကျောင်း(၁၀)ကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)(၆)ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း(၇)ကျောင်း၊

အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) (၁၁)ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း(၃၄)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(၇၈)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(ခွဲ)(၉)ကျောင်း စုစုပေါင်း အခြေခံပညာကျောင်း(၁၅၅)ကျောင်းတို့အား ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။ လားရှိုးမြို့နယ်၊ မိုင်းယော် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် နဝမတန်း(၄၀)ဦး၊ ဒသမတန်း(၂၄)ဦး၊ စုစုပေါင်းအထက်တန်း အဆင့်သင်ကျောင်းသား(၆၄)ဦး ရှိပါတယ်။

လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ ဒေသန္တရအခြေအနေ၊ ဒေသဖွံ့ဖြိုး တိုးတက်ရေးစသည့် လိုအပ်ချက်များအပေါ် မူတည်၍ ကျောင်းသားဦးရေ သတ်မှတ်ချက် မူဝါဒကိုဖြေလျှော့ပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့က ဒေသအခြေအနေအရ မိုင်းယော်အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးသင့်ကြောင်း သဘောထား မှတ်ချက်ပြု လာပါက ကျောင်းအဆင့်တိုး တန်းစီဇယားတွင် လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ် တင်ပြသည့် အချက်များကိုလည်းကောင်း စိစစ်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် လောလောဆယ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး အမှတ်(၁၀) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိမ်းဆွေရဲ့မေးခွန်းနဲ့ပတ်သက်၍ တင်ပြသွားမှာဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အထိ အခြေခံပညာအထက်တန်းကျောင်း(၃)ကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) (၁၄)ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း(၁)ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)(၃၈)ကျောင်း၊ အခြေခံပညာ မူလတန်းလွန်ကျောင်း(၂၁)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(၁၂၉)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(ခွဲ)(၇)ကျောင်း စုစုပေါင်း အခြေခံပညာ ကျောင်း(၂၁၃)ကျောင်းတို့အား ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။ ဒေးဒရဲမြို့နယ်၊ ကုလားကုန်း တန်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)တွင် ပဥ္စမတန်း(၆၄)ဦး၊ ဆဋ္ဌမတန်း (၅၇)ဦး၊ သတ္တမတန်း (၄၂)ဦး၊ အဋ္ဌမတန်း(၄၂)ဦး၊ စုစုပေါင်း အလယ်တန်းအဆင့်သင် ကျောင်းသား (၂၀၅)ဦး ရှိပါတယ်။

လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု၊ ဒေသန္တရ အခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးစသည့် လိုအပ်ချက်များ အပေါ်မူတည်၍ ကုလားကုန်းတန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ခံ ချက်အရလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသည့် အချက်များကိုလည်းကောင်း စိစစ်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် လောလောဆယ်အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် မရှိသေးပါ ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဆုံး ကျွန်တော် အန္တရာယ်ရှိ ကျောင်းတွေကိုတော့ ဦးစား ပေး ပြင်တာ (၃)ချိုး၊ (၂)ချိုး ကျော်ကျော်ပြီးသွားပါပြီ။ ဒီနှစ်မှာတော့ ဥပမိရုပ်မကောင်းတဲ့ ကျောင်းတွေ ကိုတော့ RE မှာ ထပ်ပြီးတော့ရရှိဖို့ တင်ပြထားပါတယ်။ ဆက်လက်ပြီးတော့လည်း လွှတ်တော် ကိုယ်စားလှယ်ကြီးများ တင်ပြတာရော၊ မိဘဆရာအသင်းအဖွဲ့တွေက တင်ပြတာတွေရော၊ ဆရာတော်ကြီးများ တင်ပြတဲ့ အချက် တွေကိုသော်လည်းကောင်း စာရင်းဇယား ပြုစုထားပါတယ်။ ပြီးလို့ရှိရင်လည်း မြို့နယ်ပညာရေးမှူး များကိုလည်း ပြန်ကြည့်ခိုင်းထားပါတယ်။ ဒီနှစ်မှာကျွန်တော်တို့ မမီလို့ရှိရင် ဦးစား ပေး အစီအစဉ်အရ

နောင်နှစ်ဘတ်ဂျက်မှာ ပါဖို့အတွက်ကို စာရင်းဇယားပြုစုပြီးတော့ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

နောက်ကျောင်းအဆင့်တိုး ဖြစ်ပါတယ်။ ကျောင်းအဆင့်တိုးမှာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း၊ ပတ်ကားကျောင်းတွေဟာ Sanction တင်ပြီးတော့ အစိုးရအဖွဲ့ရဲ့ခွင့်ပြုချက် ရယူရပါမယ်။ ပြီးရင် Sanction တင်ပြီးတော့ ကျလာတဲ့အခါမှာလည်း Sanction အတိုင်း ကျွန်တော်တို့က ဆရာ/ဆရာမ နဲ့ ပရိဘောဂ ပြည့်ပြည့်စုံစုံ ဆောင်ရွက်ပေးရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အခု အဆင့်တိုးဇယား၊ ကျောင်းအဆင့်တိုးတွေ တင်ပြတာတွေကို ကျွန်တော်တို့ပြန်စုတဲ့အခါမှာ အထက်တန်းကျောင်းဟာ ကျွန်တော်တို့ Sanction ကျတာထက် (၃)ဆလောက်ရှိပါတယ်။ အလယ်တန်းကျောင်းဟာ (၄)ဆလောက်ရှိပါတယ်။ မူလတန်းကျောင်းဟာ (၅)ဆလောက်ရှိပါတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့ အားလုံးစာရင်းဇယားပြုစုထားပါတယ်။ ပြုစုထားပြီးတော့ ကျွန်တော်တို့မူအရ မူလတန်း၊ အလယ်တန်းတွေဟာ အခမဲ့ကို ကျွန်တော်တို့ ပေးထားတဲ့အတွက်ကို အနီးစပ်ဆုံးနေရာမှာကျွန်တော်တို့ ပေးခြင်းအားဖြင့် ကလေးတွေရဲ့ပညာရေးပိုကောင်းမယ်။ ခံစားခွင့်ကိုလည်း တန်းတူညီမျှဖြစ်ဖို့ရန်စဉ်းစားပြီးတော့ မူခွဲတွေ၊ မူလွန်တွေကို အတတ်နိုင်ဆုံးကျွန်တော်ပေးပါတယ်။ တကယ့်ပတ်ကားကျောင်းတွေကျ ဆရာ/ဆရာမ အင်အား လိုက်နိုင်၊ မလိုက်နိုင် ကျွန်တော်တို့ ပြန်ကြည့်ပါတယ်။ အထက်တန်းမှာတော့ ကျွန်တော်တို့က ဒီ ဘာသာရပ်ကို ကျွန်တော်တို့ ကြည့်မယ်ဆိုလို့ရှိရင် ဆရာ/ဆရာမ ဟာ (၉)ယောက်ဖြစ်ပါတယ်။ ကျောင်းသားဦးရေ (၄)(၅)(၆၀) တည်းနဲ့ ဆရာ/ဆရာမက (၉)ယောက်ထား ရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့အတွက်က ပညာရေးမှာ ဘယ်လောက်ဖြည့်နိုင်မလဲ ဆိုတဲ့အပေါ်မှာ ဒုက္ခရောက်စေပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီအ.ထ.က(ခွဲ)၊ အ.လ.က(ခွဲ)တွေကို ကျွန်တော်တို့ များများ အစီအစဉ်နဲ့ ကျောင်းသားဦးရေနဲ့ ကျွန်တော်တို့ ကိုက်ညီအောင် ကျွန်တော်တို့က ဆက်လက်ပြီးတော့ ဆောင်ရွက်နေပါတယ်။ တကယ်တမ်း အခုလိုအပ်ချက်အရလည်း ကျွန်တော်တို့ ပညာရေးဦးစားပေးတယ်ဆိုတဲ့အတွက်ကို ကျွန်တော်တို့ရဲ့ပညာရေးကောလိပ်တွေကို အင်အား တိုးချဲ့ပြီးတော့လည်း ဖွင့်လှစ်ဖို့လည်း ဆောင်ရွက်နေပါတယ်။ အလားတူပဲ ကယားနဲ့ ချင်းမှာလည်း ကျွန်တော်တို့ ပညာရေးကောလိပ်တွေ ဖွင့်လှစ်ဖို့ကိုလည်း ဆောင်ရွက်နေပါတယ်။ ဖွင့်လှစ်ပြီးသား ကျောင်းတွေမှာလည်း ကျောင်းသားဦးရေ တိုးချဲ့ဖို့ ဆောင်ရွက်နေပါတယ်။ အလားတူပဲ ဘွဲ့ရပြီးတော့ နေ့စားလပေး အနေနဲ့ ဖြည့်နိုင်တဲ့အခြေအနေ ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်နေပါတယ်။

ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများတင်ပြတဲ့ ဟာတွေကို ကတိကဝတ်ဖြစ် မှာစိုးလို့ ကျွန်တော်တို့က မလုပ်ပေးနိုင်ပါကြောင်းလို့ တင်ပြပေမယ့် ကျွန်တော်တို့ဆီမှာ စာရင်းဇယားနဲ့ ပြုစုပြီးတော့ အလေးထားပြီးတော့ ကျွန်တော်တို့က ဘယ်လိုလုပ်ရမလဲဆိုတဲ့ plan ဖြစ်အောင် ဆက်လက်ဆောင်ရွက်နေပါကြောင်း တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဘတ်ဂျက်နဲ့ ဖြေရှင်းဆောင်ရွက်လို့ရမယ့် ကိစ္စမှန်သမျှ ဘတ်ဂျက်သာ တိုးတောင်းပါ။ ပညာရေးဘတ်ဂျက်နဲ့ ပတ်သက်လို့ ဘယ်သူမှ မဖြတ်ပါဘူး။ လူသားအရင်းအမြစ်၊ ဆရာ/ဆရာမ ခန့်ထားမှု၊ လေ့ကျင့်မှုအပိုင်း ဒီအပိုင်းကတော့ အခုနက စီမံချက်နဲ့လုပ်ရမှာပေါ့။ ဒီအပိုင်းလေးလည်း ကြိုတင်ပြင်ဆင်ထားပါ။ ဒါ ကျောင်းခွဲ ဆိုတာလည်း တကယ်တော့ မရှိသင့်တော့

ပါဘူး။ ကျွန်တော်တို့ ငယ်ငယ်တုန်းကလည်း မရှိပါဘူး။ မူလတန်းကျောင်းက မူလတန်းကျောင်း၊ အလယ်တန်းကျောင်းက အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းက အထက်ကျောင်းပဲ။ မိဘတွေ ကနေပြီးတော့ ဒီကျောင်းအဆောက်အဦတွေ ဆောက်ပေးရတယ်၊ ဘာညာဆိုတာလည်း လုပ်သင့်တဲ့၊ ထိုက်သင့်တဲ့ အတိုင်းအတာပဲ ကောင်းပါတယ်။ အခုနကလို (၁၀)သိန်းထည့်မယ် ဘာညာဆိုတာလည်း တကယ်တော့ ထည့်ဖို့မသင့်ပါဘူး။ သိပ်ဆင်းရဲတယ်ဆိုတော့။ အဆိုးဆုံးကတော့ မိဘက ဆရာငှားရတဲ့ ကိစ္စပဲ။ အဲဒါက အဆိုးဆုံးပေါ့။ ဒီဆရာတွေက Satisfy မဖြစ်ဘူးပေါ့။ သဘောက။ ပညာရေးမှာ Satisfy မဖြစ်တဲ့ဆရာတွေနဲ့ သင်မယ်ဆိုရင်တော့ နိမ့်ကျမှာပဲ။ တကယ် ဆရာအတတ်သင်ပညာကို တတ်ထားတဲ့ လူတွေနဲ့မှ ဖြစ်မှာပေါ့။

ဒါကြောင့်မို့ ကျောင်းခဲ့တွေ၊ တွဲဖက်တွေ ဒါတွေမရှိတော့အောင် ဦးစားပေး လုပ်ရမယ်။ အဆောက်အဦနဲ့ပတ်သက်လို့တော့ ဘတ်ဂျက်ကိုတင်တောင်း။ တစ်နိုင်ငံလုံးအခြေအနေ ဒီလောက် ဖြစ်နေပါပြီ။ အန္တရာယ်ရှိတဲ့ကျောင်းတွေကလည်း အကုန်ပြင်ပေးဖို့လိုတယ်။ ဒီလောက်ရှိနေပြီ။ မလုံ လောက်တာရော၊ ပရိဘောဂ မပါတာရော။ အဆောက်အဦပါပြီး ပရိဘောဂမပါတာတွေ။ ဒါတွေလည်း အခုနက Slide ထိုးပြသွားတာ ကြမ်းပြင်မှာ (၈)တန်း ကျောင်းသား/ကျောင်းသူတွေ ရဲကင်းမှာ သွားသင်နေရတယ်ဆိုတဲ့သဘော၊ ဒါ မဖြစ်သင့်တဲ့ကိစ္စတွေပေါ့နော်။ ဒါ လွှတ်တော် ကိုယ်စားလှယ် ကတော့ အသေးစိတ်သိတဲ့အတွက် တင်ပြကြတာကိုး။ သေသေချာချာဒါကို စီမံချက်ထဲဝင်သွားအောင် ထည့်ဖို့ လိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကပဲ တင်ပြီးတော့ တိုင်းဒေသကြီး၊ ပြည်နယ်က မတင်လို့ ဆိုတာမျိုး မဖြစ်ရအောင်ပေါ့။ စီမံချက်ထဲထည့်ဖို့လိုပါတယ်။ ဘာလို့လည်းဆိုတော့ အောက်ခြေက သိလို့ တင်တဲ့ကိစ္စ။

အဲ တချို့ကိစ္စတွေက ကြည့်ရတာ ကျွန်တော်တို့လည်းရောက်တာပဲ။ နယ်မြေရောက်တဲ့အခါ မှာ စိတ်မကောင်းတာတွေအများကြီးရှိပါတယ်။ တတ်နိုင်သလောက်တော့ လှူခဲ့တာပေါ့။ ပညာရည်နို့ ကို သောက်ရေခွက်နဲ့မသောက်ရဘဲနဲ့ အိုးခြမ်းပဲ့နဲ့သောက်နေရသလိုဖြစ်နေတယ်။ ကျောင်းတွေက လည်း စုတ်၊ ဆရာ/ဆရာမကလည်း မပြည့်စုံ။ သင်ထောက်ကူကလည်းမရှိ။ ကျောင်း Library ဆိုတာ ဝေးရော။ အဲဒါတွေရှိတယ်။ ဖြည့်စွက်စရာတွေအများကြီးပဲ။ အဲဒီတော့ ဘတ်ဂျက်ကိုတင်ပါ။ တင်သာ တင်ပါ။ ဘတ်ဂျက်နဲ့ပတ်သက်လို့။ တင်လို့ဘဏ္ဍာရေးကော်မရှင်က ခွင့်မပြုဘူးဆိုတာကတော့ ဒါက တစ်ပိုင်းပေါ့။ တင်ရမယ့်အပိုင်းကတော့ အားမနာတမ်းတင်ဖို့ လိုပါတယ်နော်။

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းများဟာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယ ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဆိပ်ဖြူမြို့နယ်အတွင်း ဆိပ်ဖြူမှ တဲကြီး၊ မြေကြမ်းတော၊ ဝွေးပင်၊ ထိန်ကန်၊ ရွာသစ်ကြီး၊ လက်ဆည် ကျေးရွာများနှင့် ဆိပ်ဖြူချောင်းမကြီး (ရှေ့/နောက်)၊ မယ်ဇလီကွေ့၊ တူရွင်းမျော၊ ပင်းတလဲကျေးရွာများ သို့ 11 KVA လျှပ်စစ်ဓာတ်အားလိုင်းများ တည်ဆောက်ပေးမည့် အစီအစဉ်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသော်ဇင်ဦး က ဆိပ်ဖြူမြို့နယ်အတွင်း ဆိပ်ဖြူမှ တဲကြီး၊ မြေကြမ်းတော၊ ငွေးပင်၊ ထိန်ကန်၊ ရွာသစ်ကြီး၊ လက်ဆည် ကျေးရွာများနှင့် ဆိပ်ဖြူချောင်းမကြီး (ရှေ့/နောက်)၊ မယ်ဇလီကွေ့၊ တူရွင်းမျော၊ ပင်းတလဲကျေးရွာများ သို့ 11 KVA လျှပ်စစ်ဓာတ်အား လိုင်းများတည်ဆောက်ပေးမည့် အစီအစဉ်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်း တဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဦးသော်ဇင်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ ရိုသေလေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသော်ဇင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ကျွန်တော်၏ မဲဆန္ဒနယ်မြေ ဖြစ်သော ဆိပ်ဖြူမြို့နယ်ရှိကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် 11 KVA ဓာတ်အားလိုင်း (၂)လိုင်းဖြစ်သော ဆိပ်ဖြူမှတဲကြီး၊ မြေကြမ်းတော၊ ငွေးပင်၊ ထိန်ကန်၊ ရွာသစ်ကြီး၊ လက်ဆည်ကျေးရွာ များသို့ 11 KVA ဓာတ်အားလိုင်းနှင့် ဆိပ်ဖြူမှ ချောင်းမကြီး အရှေ့၊ ချောင်းမကြီးအနောက်၊ မယ်ဇလီကွေ့၊ တူရွင်းမျော၊ ပင်းတလဲကျေးရွာများသို့ပေးပို့သော 11 KVA လျှပ်စစ်ဓာတ်အားလိုင်းတို့အား တည်ဆောက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ အား မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆိပ်ဖြူမြို့နယ်ရဲ့ လျှပ်စစ် ကဏ္ဍနဲ့ပတ်သက်ပြီးတင်ပြရရင် ဆိပ်ဖြူမြို့နယ်မှာ (၆၆)KVA ဓာတ်အားခွဲရုံရှိပြီး ဓာတ်အားထုတ်လုပ်နိုင် မှုမှာ (၅၀၀၀)KVA ရှိတယ်လို့ လေ့လာသိရှိရပါတယ်။ ၎င်းဓာတ်အားခွဲရုံမှ မြို့ပေါ်ရပ်ကွက် (၄)ရပ်ကွက် နှင့် ကျေးရွာတစ်ရွာ၊ အိမ်ထောင်စု(၂၀၃၇)စုမှ ဓာတ်အားရယူသုံးစွဲလျက်ရှိပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ဆိပ်ဖြူဓာတ်အားခွဲရုံမှ စလင်းမြို့နယ် တညောင်ကျေးရွာသို့ 11 KVA ဓာတ်အားလိုင်း ဆွဲပေးပြီး ဖြစ်ပါတယ်။ ဆိပ်ဖြူမြို့နယ်မှာရှိသော တဲကြီး၊ မြေကြမ်းတော၊ ငွေးပင်၊ ထိန်ကန်၊ ရွာသစ်ကြီး၊ လက်ဆည် ကျေးရွာအုပ်စု(၆)အုပ်စုမှာ ကျေးရွာပေါင်း(၁၂)ရွာရှိပြီး အိမ်ထောင်စုပေါင်း(၁၆၆၂)၊ လူဦးရေ (၉၄၃၇)ဦး နေထိုင်ကြပါတယ်။ ၎င်းကျေးရွာများမှာ ဆိပ်ဖြူနဲ့ပေါက်မြို့နယ် ဆက်သွယ်သွားလာတဲ့ ကားလမ်းမကြီး၏ ဘေးဝဲယာတွင်တည်ရှိကြပါတယ်။ ကျေးရွာနေ ပြည်သူများမှာ စိုက်ပျိုးရေး လုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပြီး စိုက်ပျိုးရေ ရရှိရေးအတွက် တစ်ပိုင်တစ်နိုင် အဝီစိတွင်းများ တူးဖော်ကြပြီး အင်ဂျင်စက်များမောင်း၍ ဆောင်ရွက်ကြရပါတယ်။ စိုက်ပျိုးရေ ရရှိရေးအတွက် ကုန်ကျစရိတ်ကြီးမားပြီး စီးပွားရေးတွက်ချေမကိုက် ဖြစ်ကြရ ပါတယ်။ ဆိပ်ဖြူမှတဲကြီး၊ မြေကြမ်းတော၊ ငွေးပင်၊ ထိန်ကန်၊ ရွာသစ်ကြီး၊ လက်ဆည်ကျေးရွာများသို့ 11 KVA ဓာတ်အားလိုင်း တည်ဆောက် ပေးပါက ၎င်းကျေးရွာနေပြည်သူများရဲ့ လူနေမှုဘဝမြင့်မားပြီး စီးပွားရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ဖွံ့ဖြိုးလာမှာဖြစ်ပါတယ်။ နောက်တင်ပြမယ့် 11 KVA ဓာတ်အားလိုင်း တစ်ခုဟာ ဆိပ်ဖြူမှ ချောင်းမကြီး အရှေ့၊ ချောင်းမကြီးအနောက်၊ မယ်ဇလီကွေ့၊ တူရွင်းမျောနဲ့ ပင်းတလဲ ကျေးရွာများသို့ ပေးပို့မယ့်လိုင်း ဖြစ်ပါတယ်။

ဇင်းကျေးရွာများဟာ ပခုက္ကူမြို့နဲ့ ဆိပ်ဖြူမြို့နယ်အကြားရှိသော ယောချောင်းရဲ့ဘေးနှစ်ဘက်မှာ တည်ရှိတဲ့ ကျေးရွာများဖြစ်ပါတယ်။ ဆိပ်ဖြူမြို့နယ်ရဲ့ အဓိကထွက်ကုန်ဖြစ်တဲ့ ကြက်သွန်နီကို အဓိကထားပြီး စိုက်ပျိုးကြတဲ့ဒေသလည်း ဖြစ်ပါတယ်။ ဇင်းဒေသသို့ 11 KVA ဓာတ်အားလိုင်း တည်ဆောက်ပေးမယ်ဆိုပါက အိမ်ထောင်စု(၁၄၉၂)စု၊ လူဦးရေ(၅၂၈၈)ဦးသို့ မီးလင်းခွင့်ရရှိမှာ ဖြစ်ပြီး လျှပ်စစ်မြစ်ရေတင်နည်းနှင့် ရာသီမရွေး စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ကြမှာ ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ဒေသဖွံ့ဖြိုးရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနဘဏ္ဍာငွေနဲ့ ကျောက်ချောလမ်းများခင်းခြင်း၊ ရေကျော်များပြုလုပ်ပေးခြင်းများ ပြီးစီးပြီးဖြစ်ရာ ဇင်းလျှပ်စစ်ဓာတ်အားလိုင်း(၂) လိုင်းအား နိုင်ငံတော်မှ တည်ဆောက်ပေးမည်ဆိုပါက ဆိပ်ဖြူမြို့နယ်အတွင်းမှာ ရှိတဲ့ ကျေးရွာပေါင်း (၂၃)ရွာ၊ အိမ်ထောင်စု(၃၄၃၁)ခုတို့၏ စီးပွားရေးနှင့် လူနေမှုဘဝများ မြင့်မားတိုးတက်ဖွံ့ဖြိုးလာမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ ဆိပ်ဖြူမြို့နယ်မှ တဲကြီး၊ မြေကြမ်းတော၊ ငွေးပင်၊ ထိန်ကန်၊ ရွာသစ်ကြီး၊ လက်ဆည်ကျေးရွာများသို့ ပေးပို့သော 11 KVA ဓာတ်အားလိုင်းနှင့် ဆိပ်ဖြူမြို့နယ်မှ ချောင်းမကြီး အရှေ့၊ ချောင်းမကြီးအနောက်၊ မယ်ဇလီကွေ့၊ တူရွင်းမျော၊ ပင်းတလဲကျေးရွာများသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မယ့် 11 KVA ဓာတ်အား လိုင်း(၂)လိုင်းအား တည်ဆောက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ အား ဒေသခံပြည်သူများ၏ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**အိန္ဒိယ - မြန်မာ အာရှကားလမ်းမပေါ်တွင် ကျရောက်သည့် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်တွင် မဟာဓာတ်အားလိုင်းမှ ဓာတ်အားဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ**။ ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန် က အိန္ဒိယ - မြန်မာ အာရှကားလမ်းမပေါ်တွင် ကျရောက်သည့် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်တွင် မဟာဓာတ်အားလိုင်းမှ ဓာတ်အားဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၆။**

**ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများနဲ့ တက်ရောက်လာကြသော ပုဂ္ဂိုလ်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အိန္ဒိယ - မြန်မာ အာရှကားလမ်းမပေါ်တွင် ကျရောက်သည့် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်မှာ ၂၀၁၅ ခုနှစ်အတွင်း မဟာဓာတ်အားလိုင်းအဖြစ် ဓာတ်အားဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှာ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးဆလိုင်းခွဲယန်က ပလက်ဝမြို့အား

မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို မေးမြန်းခဲ့ရာ သက်ဆိုင်ရာ လျှပ်စစ်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးအောင်သန်းဦး က ဓာတ်အား စနစ်မှ ဓာတ်အားလိုင်းများ ကျောက်တော်မြို့သို့ ရောက်ရှိပြီးမှသာ ချင်းပြည်နယ်၊ ပလက်ဝသို့ ကျောက်တော်မှတစ်ဆင့် ဓာတ်အားပေးရမည် ဖြစ်ပါသည်။ သို့ပါ၍ ပလက်ဝမြို့အား မဟာဓာတ်အား လိုင်းမှ ဓာတ်အားပေးနိုင်ရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပါ ကြောင်း ဆိုပြီး ကြယ်ပွင့်မပြနဲ့ ဖြေဆိုခဲ့ပြီး ဖြစ်ပါတယ်။

ယခုအခါမှာကျတော့ ကျောက်တော်မြို့ အပါအဝင် စစ်တွေ၊ ပုဏ္ဏားကျွန်း၊ မြောက်ဦးမြို့ နယ် များသည် ဥသျှစ်ပင်မှတစ်ဆင့် မဟာဓာတ်အားလိုင်းသွယ်တန်းပြီးတော့ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ (၂၄)ရက်နေ့မှစ၍ ဓာတ်အားဖြန့်ဖြူးပေးနေပြီ ဖြစ်ပါတယ်။ ချင်းပြည်နယ်၊ ပလက်ဝမြို့ဟာ ရခိုင် ပြည်နယ် မြောက်စွန်းကျောက်တော်မြို့နှင့် ထိစပ်နေတာဖြစ်ပါတယ်။ ကျောက်တော်-ပလက်ဝ ကား လမ်းမိုင်အတိုင်းဆိုလျှင် မိုင်(၃၀)ခန့် ကွာဝေးလျက်ရှိပါတယ်။ လက်ရှိအခြေအနေမှာ ပလက်ဝမြို့ပေါ် ရပ်ကွက် (၃)ရပ်ကွက်၌ ဓာတ်အားသုံးစွဲသူဟာ (၇၄၉)ဦးပဲဖြစ်ပါတယ်။ 11 KVA ဓာတ်အားလိုင်း (.၇၅)မိုင်၊ (၄၀၀) ဗို့အား ဓာတ်အားလိုင်း(၃.၅) မိုင်ရှိပါတယ်။ ထရန်စဖော်မာ(၂)လုံး ဓာတ်အားပေးစက် (၃၅၀) KVA (၁)လုံး တို့နဲ့ နေ့စဉ်တစ်ရက်ကို (၄)နာရီ ဓာတ်အားဖြန့်ဖြူးပေးတာ ဖြစ်ပါတယ်။

ချင်းပြည်နယ် ပလက်ဝမြို့အား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကျောက်တော်မြို့ ၆၆/၁၁ KVA ဓာတ်အားခွဲရုံမှ ကျောက်တော်-ပလက်ဝ လမ်းမိုင်(၄၀) အတိုင်း ဓာတ်အားသွယ်တန်းပြီးမှ မြို့ပေါ် ရပ်ကွက်တွေ၊ အိန္ဒိယ-မြန်မာ ကားလမ်းပေါ်မှာရှိနေတဲ့ အိန္ဒိယ Acer သင်္ဘောဆိပ်၊ (၂၈၉)တပ်ရင်း မြို့ပေါ်နှင့် အနီးအနားရှိနေတဲ့ ကျေးရွာများ၊ ကားလမ်းတစ်လျှောက် ကျေးရွာတွေ ဓာတ်အားဖြန့်ဖြူး ပေးမယ်ဆိုရင် ပလက်ဝမြို့နယ်မှာရှိတဲ့ တိုင်းရင်းသားပြည်သူလူထုကလည်း အထူးပဲ ကျေးဇူးတင်မှာ ဖြစ်ပါတယ်။ ယခင်မေးခွန်း ဖြေဆိုစဉ်က ၂၀၁၆-၂၀၁၇ မှာ လျာထားတယ်လို့ ဖြေဆိုထားတာ ရှိပါတယ်။ သို့သော်လည်း ပြည်သူလူထုက အကြိမ်ကြိမ် ကျွန်တော့်ထံ တင်ပြလာခဲ့တဲ့အတွက် ၂၀၁၆-၂၀၁၇ မှ လျာထားမယ်ဆိုလျှင် နောင်လာမယ့် အစိုးရဆိုတဲ့အခါကျတော့ ပြည်သူလူထုအနေနဲ့ နောင် လာမယ့် အစိုးရက အပြည့်အဝလုပ်ဆောင်ပေးနိုင်ခြင်း ရှိ/မရှိ ကို အပြည့်အဝ မျှော်လင့်ချက်မရှိနိုင်တာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ဒီအစိုးရ သက်တမ်းကုန်ခါနီးရောက်ပြီ ဖြစ်တဲ့အတွက်ကြောင့် ဒီအစိုးရ လက်ထက်မှာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခြင်း မရှိရင်တောင်မှ လုပ်ငန်းစတင်လုပ်ဆောင်မယ်ဆိုရင် ပြည်သူ လူထုက မျှော်လင့်ချက်ကြီးစွာနဲ့ ဆက်လက်မျှော်လင့်နိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပလက်ဝမြို့နယ်မှာ မဟာဓာတ်အားလိုင်း ကိုဖြန့်ဖြူးပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ မေးခွန်းကိုမေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၀၀။**

**ဦးအောင်သန်းဦး (ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မှ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဦးဆုံး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးသော်ဇင်ဦး ၏ မေးမြန်းချက်ကို ပြန်လည်ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဆိပ်ဖြူမြို့နယ် ကနေပြီးတော့မှ တဲကြီး၊ မြေကြမ်းတော၊ ဝွေးပင်၊ ထိန်ကန်၊ ရွာသစ်ကြီး၊ လက်ဆည်ကျေးရွာအုပ်စု (၆)အုပ်စုအတွင်းမှာရှိတဲ့ ကျေးရွာ(၁၇)ရွာ၊ လျှပ်စစ်ဓာတ်အား ရရှိဖို့အတွက် ဆိပ်ဖြူမြို့မှာရှိတဲ့ ၆၆/11 KVA, ၅ KVA ဓာတ်အားခွဲရုံ ကနေပြီးတော့မှ လက်ဆည်ကျေးရွာအထိ 11 KVA ဓာတ်အားလိုင်း (၁၆)မိုင်တည်ဆောက်ရမှာ ဖြစ်ပါတယ်။ ပြီးတော့ ချောင်းမကြီး အရှေ့၊ ချောင်းမကြီး အနောက်၊ မယ်ဇလီကွေ့၊ တူရွှင်းမျော၊ ပင်းတလဲကျေးရွာများ လျှပ်စစ်ဓာတ်အား ရရှိဖို့ကတော့ ဆိပ်ဖြူ ၆၆ KVA ဓာတ်အားခွဲရုံကနေပြီးတော့မှ ပင်းတလဲရွာအထိကို 11 KVA လိုင်း (၇)မိုင် တည်ဆောက်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ 11 KVA ဓာတ်အားလိုင်း စုစုပေါင်း(၂၃)မိုင်နဲ့ ကျေးရွာပေါင်း(၂၂)ရွာအတွက် ထရန်စဖော်မာ (၂၃)လုံး တပ်ဆင်ပြီးတော့ ဓာတ်အားပေးရမှာ ဖြစ်ပါတယ်။

ကျေးရွာအတွင်းမှာရှိတဲ့ (၄၀၀)ဗို့ ဓာတ်အားလိုင်းများကို အသီးသီးတည်ဆောက်ရမှာ ဖြစ်ပြီးတော့ ကျေးရွာအတွင်းမှာရှိတဲ့ (၄၀၀)ဗို့ ဓာတ်အားလိုင်းတွေမပါ 11 KVA လိုင်းနဲ့ ထရန်စဖော်မာတွေတပ်တဲ့ ကုန်ကျစရိတ်ပေါင်းက ခန့်မှန်းခြေ ငွေကျပ်(၁၀၁၆.၂၅)သန်း ဖြစ်ပါတယ်။ ၎င်း ကုန်ကျစရိတ်ကိုတော့ ဒီနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ နိုင်ငံတော်ရဲ့ဘတ်ဂျက် ရန်ပုံငွေ ခွင့်ပြုနိုင်တဲ့ အနေအထားအရ ပါဝင်နိုင်ခဲ့ခြင်း မရှိပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကနေပြီးမှ ဓာတ်အားပေး စက်ရုံကြီးတွေ၊ မဟာဓာတ်အားလိုင်းကြီးတွေနဲ့ မဟာဓာတ်အားခွဲရုံကြီးတွေ၊ ၆၆ KVA လိုင်းအထိကို ဝန်ကြီးဌာနရဲ့ ရန်ပုံငွေမှာ ထည့်သွင်းတောင်းခံပြီးတော့မှ တိုင်းနဲ့ ပြည်နယ် အသီးသီးမှာရှိတဲ့ ကျေးရွာတွေ ဓာတ်အားဆက်သွယ်ပေးဖို့ 11 KVA လိုင်း နောက် ကျေးရွာမှာ တပ်မယ့် ထရန်စဖော်မာတွေ၊ နောက် ကျေးရွာအတွင်းမှာရှိတဲ့ (၄၀၀)ဗို့ ဓာတ်အားလိုင်းတွေအတွက်ကိုတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေရဲ့ ရန်ပုံငွေမှာ ထည့်သွင်းတောင်းခံသွားဖို့ကို ညှိနှိုင်းထားပြီး ဖြစ်ပါတယ်။ အဲဒါလည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကနေစပြီးတော့မှ စတင်ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဖော်ပြပါ ဆိပ်ဖြူမြို့နယ်က ကျေးရွာ(၂၂)ရွာအတွက် ခန့်မှန်းကုန်ကျစရိတ်များကို လျှပ်စစ်ဓာတ်အားရရှိဖို့အတွက် လာမယ့်ဘဏ္ဍာရေးနှစ်တွေမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဘဏ္ဍာရေးရန်ပုံငွေကနေ ထည့်သွင်း တောင်းခံသွားဖို့ရာကို ညှိနှိုင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆလိုင်းခဲ့ယန် ရဲ့ မေးခွန်းကို ပြန်လည်တင်ပြ ဖြေကြားသွားမှာ ဖြစ်ပါ

တယ်။ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနက နေပြီးတော့မှ ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ ပြည်သူလူထု အတွက် နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလမှာ စတင်ပို့လွှတ်ထားပြီး ဖြစ်ပါတယ်။ ကျောက်တော်ဒေသ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးဖို့အတွက် ပုဏ္ဏားကျွန်း၊ ကျောက်တော် ၆၆ KVA ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စီမံကိန်းကို ၃၀-၁၁-၂၀၁၄ ရက်နေ့မှာ ဓာတ်အားပို့လွှတ် ပြီး ဖြစ်ပါတယ်။ ကျောက်တော် ကနေတစ်ဆင့် ပလက်ဝဒေသကို ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူး ပေးဖို့အတွက် ကျောက်တော်၊ ပလက်ဝ ၆၆ KVA ဓာတ်အားလိုင်းနှင့် ၆၆/၁၁ KVA ဓာတ်အားခွဲရုံ၊ 5 KVA ဓာတ်အားခွဲရုံကို ပလက်ဝမှာ တည်ဆောက်ပြီးတော့မှ 11 KVA ဓာတ်အားလိုင်းများ ခွဲပြီးတော့မှ ကျေးရွာပေါင်း (၂၃)ရွာကို တည်ဆောက်ပေးရမှာ ဖြစ်ပါတယ်။ ပြီးတော့မှ ၎င်းကျေးရွာ (၂၃)ရွာမှာ အိမ်ခြေပမာဏနဲ့ကိုက်ညီတဲ့ ၁၁/၀.၄ KVA ထရန်စဖော်မာငယ်လေးများကို တပ်ပြီးတော့မှ ဓာတ်အား ဖြန့်ဖြူးပေးရတော့မှာ ဖြစ်ပါတယ်။

ဒါကြောင့် ကျေးရွာများအတွင်းမှာ ဆွဲမယ့် (၄၀၀)ဗို့ ဓာတ်အားလိုင်းများ မပါ ခန့်မှန်း ကုန်ကျစရိတ်က ငွေကျပ်(၁၂.၂၃၅)ဘီလီယံကျပ် ဖြစ်ပါတယ်။ ဒီနှစ် ၂၀၁၅-၂၀၁၆ နိုင်ငံတော်ရဲ့ ဘဏ္ဍာ ခွဲဝေနိုင်မှု အခြေအနေအရ ဘတ်ဂျက်ပါဝင်နိုင်ခြင်း မရှိတဲ့အတွက်ကြောင့် လောလောဆယ် ဒီ ၂၀၁၅-၂၀၁၆ မှာတော့ စတင်နိုင်ခြင်း မရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့် နောင်လာ မယ့် ဘဏ္ဍာရေးနှစ်များမှာ ရန်ပုံငွေ ထည့်သွင်းလျာထား တောင်းခံပြီးတော့မှ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း တင်ပြဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၂၀ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၁း၂၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်သုံးဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၆။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနဲ့ အမျိုးလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဥပဒေတစ်ခုကို ပြုတဲ့အချိန်မှာ ဒီ အရှေ့အနောက် ညီညွတ်ဖို့လည်း လိုတယ်။ အကြောင်း အရာအားဖြင့် ညီညွတ်ဖို့လည်း လိုတယ်။ ပြီးတော့ အဲဒီမှာရှိတဲ့ အတွေးအခေါ်တွေ အားဖြင့် ညီညွတ်ဖို့လိုပါတယ်။ ဒီမှာဖြည့်စွက်တဲ့ ဒီ အပိုဒ်ကို ကြည့်လိုက်တဲ့အချိန်မှာ ဥက္ကဋ္ဌက လွှတ်တော်မှ အရေးကြီးသော ဆုံးဖြတ်ချက် ချမှတ်ရန်ရှိသည်ဟု ဆိုတဲ့ စကားရပ် ပါပါတယ်။ ဒီလိုရေးခြင်း အားဖြင့် ကျွန်တော် တို့ လွှတ်တော်မှာ ဆောင်ရွက်နေတဲ့ဟာတွေအားလုံး အရေးမကြီးဘူးဆိုသလို ရောက်တယ်။ သူ ကြေညာလိုက်တဲ့အချိန်မှာ အရေးကြီးတယ်။ ကျန်တဲ့အချိန်မှာ အရေးမကြီးဘူး ဆိုတာမျိုး သက်ရောက်သွားမယ် ပေါ့။ ဒါကြောင့် ဒီစကားရပ်က လုံးဝမသင့်တော်ပါဘူး။

ကျွန်တော်တို့ လွှတ်တော်မှာ ဆောင်ရွက်ချက်တွေအားလုံး မေးခွန်းကအစ၊ အဆိုကအစ၊ ဥပဒေကြမ်းလုပ်တာကအစ အားလုံးက အရေးကြီးတယ်။ ဒီ တောက်လျှောက် စတက်တာကနေ ပြီးဆုံးတဲ့ အထိက အားလုံးအရေးကြီးတယ်ဆိုတာကို တင်ပြချင်ပါတယ်။ ဒါကြောင့် ဒီလိုမျိုး စကားရပ်တွေကို မသုံး သင့်ပါဘူးလို့ ကျွန်တော်တင်ပြချင်ပါတယ်။

ဒုတိယအချက်မှာ တင်ပြချင်တာကတော့ ဘာလဲဆိုရင် ဒီလိုမျိုး(၃)ရက်ကြိုတင်၍ ကြေညာ ထားလျှင် နာရေးကိစ္စ သို့မဟုတ် လွှတ်တော်သို့ တက်ရောက်ရန်မဖြစ်နိုင်သော ခိုင်လုံသော အကြောင်း ရှိသည်မှတစ်ပါး ခွင့်ပန်ကြားခြင်း မပြုရဆိုတဲ့ စကားလုံးက တော်တော်လေး မသင့်တော်တဲ့ ဒီ စကားရပ်တွေ ဖြစ်ပါတယ်။ ဒါ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အခွင့်အရေးကို ချိုးဖောက်ရာ ရောက်ပါတယ်။ ကျွန်တော်တို့ ခိုင်လုံသော အကြောင်းပြချက်ဆိုတာမျိုးကလည်း ကျယ်ပြန့်တဲ့သဘော သက်ရောက်ပါတယ်။ ပြီးတော့ ဒီ အရေးအသားကိုက လုံးဝမသင့်တော်တဲ့ အရေးအသား ဖြစ်ပါတယ်။ ကျွန်တော်တို့ နဂိုရှိသားပြီးသား ဒီ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေတွေမှာ ခွင့်ပန်ကြားခြင်းနဲ့ ပတ်သက်ပြီးတော့ ပြည့်ပြည့်စုံစုံ ဖော်ပြထားပြီးသား ဖြစ်ပါတယ်။ ထပ်ပြီးတော့ ဖြည့်စွက်ရန် မသင့်တော်ပါဘူး။ တော်တော် လေး လုံလောက်ပါတယ်။

ကျွန်တော်တို့ ဒီ ခွင့်ပန်ကြားခြင်းနှင့် ခွင့်မဲ့ပျက်ကွက်ခြင်းဆိုတဲ့ အခန်းလည်း ရှိတယ်။ ပြီးတော့ မဲခွဲဆုံးဖြတ်ခြင်းဆိုတဲ့ အခန်းလည်း ရှိပါတယ်။ ကျွန်တော်တို့ လွှတ်တော်မှာ မဲခွဲဆုံးဖြတ်စရာ လိုတဲ့အချိန် မှာ ပထမနေ့မှာတော့ (၅၀)ရာခိုင်နှုန်းတက်ရောက်ရမယ်။ အဲဒီ (၅၀)ရာခိုင်နှုန်း တက်ရောက်တဲ့ လူရဲ့ များ ရာကနေ ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ ဒီလို ကျန်တဲ့ ရက်တွေမှာ သုံးပုံတစ်ပုံ အစည်းအဝေးတက်ရောက်ရင် အထမြောက်တယ်။ ပြီးတော့ ဒီ ဆုံးဖြတ်ချက်တွေ ချတဲ့အချိန်မှာ တက်ရောက်တဲ့ လူရဲ့ များရာ၊ အဲဒီ သုံးပုံ

တစ်ပုံထဲက များရာက ဆုံးဖြတ်ရင် ဒါ အတည်ပါပဲ။ ဒါကြောင့် ဒီလိုမျိုး လွှတ်တော်ကိုယ်စားလှယ်တွေကို ကန့်သတ်ချုပ်ချယ်ပြီးတော့ ဒီ စည်းတွေထားပြီးတော့ ကျွန်တော်တို့ ဥပဒေပြဌာန်းစရာ မလိုပါဘူး။ ဒါ သိပ်အဆင့်မရှိတဲ့ ရေးသားချက်လို့ ကျွန်တော်ကတော့ ပွင့်ပွင့်လင်းလင်းပဲ မြင်ပါတယ်။ ဒါကြောင့် ဒီ အသစ်ဖြည့်စွက်ချက်ကတော့ ကျွန်တော်ကန့်ကွက်ပါတယ်။

ခွင့်ပန်ကြားခြင်းနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်က ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်မပါဘဲနဲ့ ခွင့်အဖြစ် သတ်မှတ်လို့ မရဘူး။ ဥပဒေမှာ ဖော်ပြထားပြီးသား၊ သို့သော် ဒီက ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်မပါဘဲနဲ့ ခွင့်မဲ့ အနေနဲ့ တစ်ဆက်တစ်စပ်တည်းပေါ့ (၁၅)ရက်အထိ မတက်လို့ရတယ်။ ဒါ သူ့အခွင့်အရေးပဲ။ ဒါပြဌာန်းထားပြီးသား။ ဆိုတဲ့အချိန်ကျတော့ အခု အကယ်၍ ဥက္ကဋ္ဌက အရေးကြီးလွန်းတယ်။ အရမ်းတက်စေချင်တယ်လို့ သတ်မှတ်တယ်ဆိုရင် ခွင့်မပြုကြောင်း သူတင်တဲ့ အချိန်မှာ သူခွင့်မပြုဘူးလို့ သူကြေညာလို့ ရတယ်။ မြန်မာနိုင်ငံ ဘယ်လောက်ဝေးတဲ့ နေရာကနေဖြစ်စေ (၁၅)ရက်အတွင်း မရောက်လာနိုင်တဲ့ နေရာမရှိပါဘူး။ အခု ပူတာအို မိုင်(၁၀၀၀) ဝေးတယ်ဆိုပါတော့ ဘယ်လိုပဲဖြစ်ဖြစ် (၅)ရက်အတွင်း အရောက်လာနိုင်တယ်။ ခွင့်မပြုဘူး သူကြား လိုက်တာနဲ့ (၅)ရက်အတွင်း ရောက်လာနိုင်တယ် လွှတ်တော်မှာ၊ အဲဒါကြောင့် ကျွန်တော်တို့ ဒီ ပြဌာန်းချက်တွေကတော့ အပိုသက်သက်ပဲ ဖြစ်ပါတယ်။ ဒါ မလိုလားအပ်တဲ့ ဖြည့်စွက်ချက်တွေ ဖြစ်ပါတယ်ဆိုတာကို တင်ပြချင်ပါ တယ်။

ပြီးတော့ အခု ဒီ ဥပဒေကြမ်းရဲ့ ပယ်ဖျက်ချက်တွေလည်း ထောက်ခံကြောင်းလည်း တင်ပြချင်ပါတယ်။ အဲဒါပါ ပါသလားမသိဘူး။ ဆွေးနွေးလို့ရမလားမသိဘူး။

**ဥက္ကဋ္ဌ။** ။ ဘယ်ဟာလဲ။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ အခု ဒီနောက်ဆုံး ဖြည့်စွက်ချက် မဟုတ်ဘဲနဲ့ အရင်က ပယ်ဖျက်ချက်တွေ၊ ဥပဒေထဲကနေ ပယ်ဖျက်ချက်တွေ။

**ဥက္ကဋ္ဌ။** ။ ဆွေးနွေးပါ။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ ဟုတ်ကဲ့၊ ဒီ ပယ်ဖျက်ချက်တွေလည်း တော်တော်လေးသင့်တော်ပါတယ်။ ဒီမှာကျတော့ ဘယ်လိုတွေ ရေးသလဲဆိုရင် ၁၉ မှာ ဒီ လွှတ်တော်ကိုယ်စားလှယ်များအပေါ် ပြည်သူတို့၏ တိုင်ကြားစာ လက်ခံရရှိပါက ဥက္ကဋ္ဌသည် လွှတ်တော် အခွင့်အရေး ကော်မတီကို လွှဲအပ်စုံစမ်းစေရမည်။ လွှတ်တော်အခွင့်အရေးကော်မတီက သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်သည် ဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း တွေ့ရှိလျှင် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ဥပဒေနှင့်အညီ အရေးယူနိုင်ရန် တိုင်ကြားစာကို သက်ဆိုင်ရာသို့ လွှဲပြောင်းပေးရမယ် ဆိုတာမျိုးပါ ပါတယ်။ ကျွန်တော်တို့ အခြေခံဥပဒေမှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ဒီ တာဝန်မှ ပြန်လည်ရုပ်သိမ်းရန်အတွက် ဒါပြဌာန်းထားတာတွေ ရှိပါတယ်။ ဒါကိုကျော်လွန်ပြီးတော့ ဥပဒေမှာ လာရေးနေတယ်လို့ ကျွန်တော်မြင်ပါတယ်။

အဲဒါကြောင့် တော်တော်လေး ဒီ ပယ်ဖျက်ချက်ထားသည့် အပိုဒ်များဆိုတာကို တော်တော် လည်း သင့်မြတ်တဲ့ အကြောင်းကို ကျွန်တော်တင်ပြချင်ပါတယ်။ ဒီမှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အား တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းမှာ (၁)မှာ သူက နိုင်ငံတော် ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်း။ ဒီ

ဖွဲ့စည်းပုံဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ အကျင့်သိက္ခာပျက်ပြားခြင်း။ ဒီ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်၏ အရည်အချင်း ပျက်ယွင်းခြင်း။ ဥပဒေအရ ပေးအပ်သော တာဝန်များကို ကျေပွန်စွာ မထမ်းဆောင်ခြင်း။ ဒါ ဒီလိုမှပဲ တာဝန်မှ ရုပ်သိမ်းလို့ရတယ်။ ပြီးတော့ အဲဒီမှာလည်း မဲဆန္ဒရှင်တွေရဲ့ (၁)ရာခိုင်နှုန်းက လက်မှတ်ထိုးမှရတယ်။ သူက အဆင့်ဆင့် အခြေခံဥပဒေမှာ ပြည့်ပြည့်စုံစုံ ဖော်ပြထားပြီးသား ဖြစ်တဲ့အတွက်ကြောင့် ဒီကိစ္စတွေကလည်း အခြေခံဥပဒေကို ကျော်လွန်ပြီးတော့ ရေးတယ်လို့ ယူဆတဲ့ အတွက်ကြောင့် ပယ်ဖျက်ချက်ကို လုံးဝထောက်ခံကြောင်း။ ပြီးတော့ ဒီ ကိစ္စကို ဆောင်ရွက်ရမယ်ဆိုရင် ဒီမှာ ဥပဒေမှာ ပြဋ္ဌာန်းထားတာကတော့ သက်သက်ဥပဒေတစ်ခု သက်သက်ပြဋ္ဌာန်းဖို့ လိုပါတယ်။ ပုဒ်မ ၃၉၇ တွင် တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ကိစ္စရပ်များမှလွဲ၍ လိုအပ်သော ဥပဒေကို ပြဋ္ဌာန်းရမယ်ဆိုတာ ရှိပါတယ်။ သူက သက်သက်ဥပဒေ ဖြစ်ရမယ်။ ဆိုတဲ့အချိန်ကျတော့ ဒီ အခြေခံဥပဒေကို ကျော်လွန်ပြီးတော့ ကျွန်တော်တို့ ဥပဒေလည်း ပြဋ္ဌာန်းလို့ မရဘူးလို့ မြင်ပါတယ်။

အဲဒါကြောင့် ကျွန်တော် ဒီနေ့ ဆွေးနွေးချင်တာကတော့ အသစ်ဖြည့်စွက်ချက်က မသင့်တော်ကြောင်း။ အဆင့် (၁) ၉ (ဂ)ပေါ့၊ အဲဒါ မသင့်တော်ကြောင်းနဲ့ ဒီ ဥပဒေကြမ်းကော်မတီရဲ့ ပယ်ဖျက်ချက်ကို ထောက်ခံကြောင်းတင်ပြရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးဇုန်လှယ်ထန်း ရဲ့ ဆွေးနွေးချက်ထဲမှာ လွဲနေတာလေး နည်းနည်း ပြင်ပေးမယ်။ လွှတ်တော်ကိုယ်စားလှယ်ရဲ့ ခွင့်ကို ဥက္ကဋ္ဌက ခွင့်ပြုတာမဟုတ်ဘူး။ ဘယ်သူခွင့်ပြုသလဲ သိလား။ ဘယ်ဥပဒေထဲမှာလဲ။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ ကျွန်တော်တို့ ဒီ ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဥပဒေနဲ့ နည်းဥပဒေ။ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေနဲ့ နည်းဥပဒေမှာလည်း ဒီလိုပါပဲ။

**ဥက္ကဋ္ဌ**။ ။ ဖွဲ့စည်းပုံအခြေခံဥပဒေကို နည်းနည်း ပြန်လေ့လာပါဦး။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ ခွင့်အကြောင်းကို ပြောပြတာပါ။

**ဥက္ကဋ္ဌ**။ ။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လေ့လာပါဦး။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လွှတ်တော်ကလည်း ခွင့်ပြု ကျွန်တော်အမြင်မှာတော့ ဥက္ကဋ္ဌ ကလည်း ခွင့်ပြုနိုင်တယ်။ လွှတ်တော်ကလည်း ခွင့်ပြုနိုင်တယ်။

**ဥက္ကဋ္ဌ**။ ။ ဥက္ကဋ္ဌက ခွင့်မပြုနိုင်ပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လေ့လာပါဦး လို့။ ဟုတ်ပြီနော်။ နေ့စဉ်နဲ့အမျှလည်း ဒီမှာ လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်ဆိုတာ နေ့တိုင်း ပြောနေတာပဲ။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဒီမှာကျတော့ နည်းဥပဒေမှာကျတော့ ဥက္ကဋ္ဌ သို့မဟုတ် နာယကသည် နည်းဥပဒေ(ဂ)အရ တင်ပြချက်ကို သင့်လျော်သည်ဟု ယူဆပါက ခွင့်ပြုနိုင်သည်။

**ဥက္ကဋ္ဌ**။ ။ အခုဆွေးနွေးနေတာ ပြည်ထောင်စုလွှတ်တော် မဟုတ်ဘူး။ ဒါ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေကို ဆွေးနွေးနေတာ။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ ပထမတုန်းက ကျွန်တော် ဖတ်တာ ပြည်ထောင်စုနဲ့ အမျိုးသား အတူတူပဲပေါ့ ရေးတာ။ ဒါ ယူမလာလို့ ဥပဒေ ဒါ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ**။ ။ သူက တစ်ချိန်တုန်းက စတုန်းက မှန်တယ်။ နောက်ပိုင်းမှာ နည်းနည်း လွဲသွားတယ်။ အဲဒီ လွဲသွားတဲ့ ကိစ္စတွေကိုတော့ ပြန်မပြောတော့ပါဘူး။ အခုဟာ အတည့်ပြန်တည့်ရတဲ့ သဘောပဲ။ ဟုတ်ပြီနော်။ အခြေခံဥပဒေနဲ့ ကိုက်ညီအောင် အတည့်ပြန်တည့်ရတဲ့သဘော။ သို့သော် လုပ်တဲ့နေရာမှာတော့ မလွဲခဲ့ဘူး။ တစ်ချက်မှ မလွဲခဲ့ဘူး။ နေ့တိုင်း လွှတ်တော်က ခွင့်ပြုတယ်။ လွှတ်တော် က ခွင့်ပြုတယ် ဆိုတာကို အလေးအနက်ပြုပြီးတော့ ဥက္ကဋ္ဌက အမြဲတမ်းကြေညာတယ်။ ဥက္ကဋ္ဌ ခွင့်ပြုလို့ မရဘူး။ အဲဒါကြောင့် အခြေခံဥပဒေ ပြန်လေ့လာပါဦးလို့၊ ဟုတ်ပြီလား။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဟုတ်၊

**အချိန်၊ ၁၁း၃၈။**

**ဥက္ကဋ္ဌ**။ ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၈။**

**ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ(ခ)ရဲ့ နောက်တွင် ပုဒ်မခွဲ(ဂ)ကို ဖြည့်စွက် ခြင်းနဲ့ စပ်လျဉ်း၍ အနည်းငယ်ဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်။ ဒီ ဖြည့်စွက်ချက်မှာ ဥက္ကဋ္ဌက လွှတ်တော်၌ အရေးကြီးသော ဆုံးဖြတ်ချက် ချမှတ်ရန် ရှိသည်ဟု (၃)ရက် ကြိုတင်၍ ကြေညာထားလျှင် နာရေးကိစ္စ သို့မဟုတ် လွှတ်တော်သို့ တက်ရောက်ရန် မဖြစ်နိုင်သည့် ခိုင်လုံသော အကြောင်းရှိသည်မှတစ်ပါး ခွင့်ပန်ကြားခြင်းမပြုရလို့ ဖြည့်စွက်ထားတာ တွေ့ရပါတယ်။ အဲဒီမှာ ကျွန်တော့်အနေနဲ့ အပိုင်း(၃)ပိုင်း တွေ့ရပါတယ်။ ခွင့်ပန်ကြားခြင်းရယ်။ လွှတ်တော် အစည်းအဝေး အထမြောက်ခြင်းရယ်။ ဆုံးဖြတ်ချက် ချခြင်းဆိုတဲ့ အပိုင်း(၃)ပိုင်း ရှိပါတယ်။ အဲဒီတော့ လွှတ်တော် အစည်းအဝေး အထမြောက်ပါမှ ဆုံးဖြတ်ချနိုင်တာ ဖြစ်ပါတယ်။ အဲဒီတော့ လွှတ်တော်အစည်းအဝေး ထမြောက်ဖို့၊ မထမြောက်ဖို့ အတွက်က တက်ရောက်သူရဲ့ ကိုယ်စားလှယ် အရေအတွက်နဲ့ ဆိုင်ပါတယ်။ အဲဒီတော့ တက်ရောက်သူ ကိုယ်စားလှယ်ဆိုတဲ့ နေရာမှာ ခွင့်ပန်ကြားသူ ဘယ်လောက်ရှိသလဲ။ တကယ်လို့များ ခွင့်မဲ့ရှိရင် ခွင့်မဲ့ ဘယ်လောက် အပေါ်မှာ အခြေခံတာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီ (၃)ချက်ဟာ ဆက်စပ်နေတဲ့ အတွက်ကြောင့်မို့လို့ တစ်ခုမရှိရင် တစ်ခုက ဟာနေမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ဆုံးဖြတ်ချက်ဆိုတာကို အရင်ဆုံး ဆွေးနွေးလိုပါတယ်။

ဆုံးဖြတ်တယ်ဆိုတာက မဲခွဲတာနဲ့ အတူတူဖြစ်ပါတယ်။ လွှတ်တော်မှာ တစ်ခါတစ်ရံကျတော့ ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များကို သဘောတူပါသလားလို့ မေးပါတယ်။ သဘောတူ တယ်ဆိုရင် ဥက္ကဋ္ဌက တူထုပြီးမှ ဆုံးဖြတ်တာ၊ ဒီတစ်ခုရယ်။ နောက် တစ်ခါကျတော့ ပြောင်မေးတယ်။ မတ်တပ်ရပ် တာတို့ စက်ခလုပ်နှိပ်တာတို့ ဒီလိုရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဆုံးဖြတ်တဲ့အခါမှာ အတည်ပြုဖို့အတွက်

က ဘာလိုသလဲဆိုရင် ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲ ဖြစ်ပါတယ်။ အဲဒီတော့ တက်ရောက်၍ ဆန္ဒမဲပေးသည်။ တက်လဲတက်ရောက်ရမယ်။ ဆန္ဒမဲလည်း ပေးရမယ်။ တက်ပြီးမှ ဆန္ဒမဲမပေးဘူးဆိုရင် ဒီတက်ရောက်သူ ကိုယ်စားလှယ်ဟာ အကျုံး မဝင်ပါဘူး။ ဒါကြောင့် တက်ရောက်ပြီးမှ ဆန္ဒမဲပေးသလို လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲကိုပဲ အခြေခံတဲ့အတွက်ကြောင့် ဒီဟာကို ကျွန်တော်ပြောခြင်းဖြစ်ပါတယ်။

ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်ဟာ ဆုံးဖြတ်နိုင်ဖို့အတွက် အစည်းအဝေးကို တက်ရမယ်။ တက်နိုင်ဖို့အတွက် ခွင့်ပန်ကြားတာတို့ကို စစ်ဆေးရတာဖြစ်ပါတယ်။ ဒါကြောင့် ခွင့်ပန်ကြားတဲ့အခါမှာ ဒီခွင့်ပန်ကြားချက်နဲ့ပတ်သက်လို့ လွှတ်တော်ကိုယ်စားလှယ်တိုင်းဟာ ခွင့်ပန်လို့ရပါတယ်။ ခွင့်ပြု မပြုသည် စောစောက ကျွန်တော်တို့ ဥက္ကဋ္ဌကပြောသလိုပဲ လွှတ်တော်ကပဲ ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများက ကန့်ကွက်ပိုင်ခွင့်ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ခွင့်မပန်ရဆိုတာက လွှတ်တော်က ကန့်ကွက်စရာလည်း မလိုတဲ့ သဘောသက်ရောက်သွားပါတယ်။

ခွင့်ပန်မှသာလျှင် ခွင့်ပြုသင့်/မသင့် လွှတ်တော်ကန့်ကွက်နိုင်တဲ့ အခွင့်အရေးလည်း ရမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားခြင်းမရှိဘဲနဲ့ ကန့်ကွက်လို့မရသလို ခွင့်မပန်ရင်လည်း ခွင့်မဲ့ သဘောသက်ရောက်သွားမှာဖြစ်ပါတယ်။ အဲဒါ ခွင့်မဲ့ သဘောသတ်မှတ်မလား၊ ခွင့်သတ်မှတ်မလားဆိုတဲ့အတွက် ကိစ္စပေါ်လာတဲ့အခါကျတော့ ခွင့်ပန်ကာမှ ခွင့်မဲ့၊ ခွင့်သတ်မှတ်ရမှာ ဖြစ်တဲ့အတွက်ကြောင့် ခွင့်ပန်ကြားခြင်းဆိုတဲ့ စကားလုံးဟာ ဒီနေရာမှာ လိုအပ်မယ်မထင်ဘူးလို့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆပါတယ်။ အဲဒီအခါကျတော့ ဒီနေရာမှာတစ်ဆက်တည်း ပြောကြားလိုတာကတော့ ခွင့်ပန်တဲ့အခါမှာ ဒီဆုံးဖြတ်ချက်ချမှတ်နိုင်ဖို့ (၃)ရက် ကြိုတင်ပေးမှ ကြေငြာထားတယ်ဆိုတာပါပါတယ်။ (၃)ရက်ဆိုတော့ ကျွန်တော်တို့ မြန်မာနိုင်ငံကြီး အနေအထားအရ ဥက္ကဋ္ဌက ကြေညာတဲ့အချိန်မှာ ခွင့်ပန်တဲ့လူ၊ နဂိုက ခွင့်ယူပြီးသားရှိနိုင်ပါတယ်။ ခွင့်မယူသေးတဲ့ လူလည်းရှိနိုင်ပါတယ်။ ခွင့်မယူသေးတဲ့သူများအတွက် အထူး ကိစ္စ မဟုတ်သော်လည်း ခွင့်ယူပြီးသားသူများသည် ကိုယ့်ရဲ့မဲဆန္ဒနယ်ထဲမှာ ရောက်ကောင်း ရောက်နိုင်ပါတယ်။ ရောက်တဲ့အခါမှာ လက်ရှိအနေအထားအရ ဖုန်းလည်းအဆက်အသွယ်မရ၊ ကြေးနန်းလည်း အဆက်အသွယ် ချက်ချင်းရဖို့က မလွယ်ပါဘူး။ အဲဒီအခါကျတော့ နယ်ကိုရောက်နေတဲ့ အချိန်မှာ သူရဲ့အကြောင်းပြချက်က ခိုင်လုံခြင်းရှိ/မရှိကို စိစစ်ဖို့ရန် အင်မတန်ခက်ခဲပါတယ်။

နယ်မှာ ကျွန်တော်က ရောက်နေတယ်။ ကျွန်တော့်ကို ဥက္ကဋ္ဌကဖိတ်ကြားတယ် ဆိုတာကို ဘယ်သူကလာပြောမလဲ၊ ကျွန်တော်လဲချက်ချင်းမသိနိုင်ဘူး၊ သိရင်တောင်မှ ချက်ချင်းအကြောင်းပြန်ကြားဖို့က ခက်ခဲကောင်း ခက်ခဲနိုင်ပါတယ်။ ဒါကြောင့် ခိုင်လုံသော အကြောင်းပြချက်ဆိုတော့ ကိုယ်စားက ခွင့်တိုင်လို့ရပေမယ့် ကိုယ်စားတိုင်တဲ့လူက ကျွန်တော်ရဲ့ ခိုင်လုံတဲ့ အကြောင်းပြချက်ကို သူက စိစစ်နိုင်ခွင့် ရှိ/မရှိ၊ သူကပဲဆုံးဖြတ်ပေးနိုင်ခွင့်ရှိ/မရှိကိုလည်း ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ (၃)ရက်ဆိုတဲ့ အချိန်ကာလလည်း လုံလောက်ခြင်း မရှိနိုင်ပါဘူးလို့ ဒီလိုယူဆပါတယ်။ အဲဒီတော့ အဆုံးသတ်ကလေးနဲ့ ကျွန်တော့်အနေနဲ့ နိဂုံးချုပ်မယ်ဆိုရင် လွှတ်တော်မှာ အဆုံးအဖြတ်ပေးခြင်း လုပ်တာသည် ဒီမိုကရေစီစနစ်ကို ကျင့်သုံးမှ လုပ်တာသည် များရာ စောစောက ပြောသလို များရာမဲနဲ့ ဆုံးဖြတ်တာဖြစ်ကြောင်း အစည်းအဝေးတက်ရောက်သူ ကိုယ်စားလှယ် တစ်ဦးချင်းရဲ့ ပုဂ္ဂိုလ်ရေးဆိုင်ရာနဲ့ ဆုံးဖြတ်နိုင်မှာ တက်ရောက်သူများရဲ့ အရေအတွက်နဲ့ ဆုံးဖြတ်တာ ဖြစ်ပါတယ်။

ပုဂ္ဂိုလ်ရေးဆိုင်ရာ ဆုံးဖြတ်တာမဟုတ်တဲ့ အတွက်ကြောင့် မည်သူမည်ဝါပဲတက်တက် အစည်းအဝေး အထမြောက်တယ်ဆိုရင် ဆုံးဖြတ်ပိုင်ခွင့်ရှိပြီးသားဖြစ်တဲ့အတွက်ကြောင့် အဆုံးအဖြတ် ပေးဖို့အတွက် ခွင့် မပန်ကြားရဆိုတဲ့ ဒီဖြည့်စွက်ချက်ကိုကျွန်တော့်အနေနဲ့ထည့်သွင်းရန် မသင့်လျော်ပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၃။**

**ဥက္ကဋ္ဌ။** ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့် ဆွေးနွေးနိုင် ပါပြီ။

**အချိန်၊ ၁၁း၄၃။**

**ဦးအောင်ကြည်ညွန့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်း ဆက်သပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၁၂-၃-၂၀၁၅ (၁၂)ကြိမ် မြောက် အမျိုးသားလွှတ်တော် (၂၆)ရက်နေ့မှာ ဥပဒေကြမ်းကော်မတီက တင်သွင်းခဲ့တဲ့ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေအတွက် ပြင်ဆင်ချက် ဇယားမှာပါတဲ့ ဇယား အပိုဒ် ၉ ပါ ကျွန်တော် ဖြည့်စွက်ချက်ဟာဖြစ်ရင် ဖြည့်စွက်ရန် မသင့်ပါကြောင်း အချက်(၃)ချက် အပေါ်မှာ အခြေခံပြီးတော့ အကြံပြုတင်ပြသွားခြင်းသာ ဖြစ်ပါတယ်။

အသစ်ဖြည့်စွက်ချက်ကတော့ ကျွန်တော်တို့ မူလဥပဒေရဲ့ ဒီအခန်း(၅) လွှတ်တော် ကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားခြင်းနဲ့ ခွင့်မဲ့ပျက်ကွက်ခြင်းဆိုတဲ့ ပုဒ်မ ၁၄ မှာ ပုဒ်မခွဲ (ဂ)အဖြစ် ထည့်တာပဲဖြစ်ပါတယ်။ ဒါစောစောကလည်း ကိုယ်စားလှယ်ကြီးတွေ တင်ပြထားပြီးသားဖြစ်ပါတယ်။ ဥက္ကဋ္ဌက လွှတ်တော်မှာ အရေးကြီးတဲ့ ဆုံးဖြတ်ချက်ချမှတ်ရန်ရှိတယ်လို့ (၃)ရက်ကြိုတင်ပြီး ကြေညာ ထားရင် နာရေးကိစ္စ သို့မဟုတ် တက်ရောက်ရန်မဖြစ်နိုင်တဲ့ ခိုင်လုံသောအကြောင်း ရှိသည်မှတစ်ပါး ခွင့်ပန်ကြားခြင်းမပြုရလို့ ဖြည့်စွက်ထားတဲ့ ကိစ္စပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဆုံးအနေနဲ့ ကျွန်တော်တင်ပြလိုတာကတော့ ဥပဒေအရ ရှင်းလင်း တိကျမှုမရှိတဲ့ ရေးသားထားမှုနဲ့ ဥပဒေရေးထုံးဆိုင်ရာ အားနည်းချက်ဖြစ်ပါတယ်။ နာရေးကိစ္စဆိုတဲ့ နေရာမှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအတွက် ကိုယ်တိုင်နဲ့တကွ အတိုင်းအတာ ဘယ်အထိ ဆက်စပ်ပတ်သက်မှုကို ဆိုလိုတယ်ဆိုတဲ့ အတိုင်းအတာ မပါရှိတာ တွေ့ရပါတယ်။ ဥပမာအားဖြင့်ဆိုရင် ငယ်သူငယ်ချင်းတစ်ယောက်ရဲ့ နာရေးကိစ္စဆိုတာမျိုးနဲ့ ခွင့်တင်လာမယ်ဆိုရင် ခွင့်ပန်ကြားခွင့် ပြုရ မလားလို့ ကျွန်တော်စဉ်းစားစရာ ပေါ်လာပါတယ်။

ဒုတိယတစ်ချက်က ခိုင်လုံသောအကြောင်း ဖြစ်ပါတယ်။ ဒီခိုင်လုံသော အကြောင်းဆိုတာနဲ့ ပတ်သက်လို့ အဓိပ္ပာယ်ဖွင့်ဆိုထားချက်ထဲမှာ မူလဥပဒေထဲမှာ ဖွင့်ဆိုထားခြင်းမရှိတဲ့အတွက်ကြောင့်မို့ လွှတ်တော်ကို တက်ရောက်ရန် မဖြစ်နိုင်တဲ့ ခိုင်လုံသောအကြောင်းဆိုတာ ကျွန်တော်တို့ အငြင်းပွား စရာ ကိစ္စတွေအများကြီးဖြစ်လာမှာဖြစ်ပါတယ်။ ဥပဒေတစ်ရပ်မှာ အဲဒီလို အခြင်းအရာမျိုး ပါရှိလာ မယ်ဆိုရင် ဒီဥပဒေရဲ့ အရည်အသွေးကို ထိခိုက်စေနိုင်တယ်လို့ ကျွန်တော်အကြံပြု ဆွေးနွေးချင်တာ

ဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ ဥပဒေတစ်ရပ်မှာ ပြဋ္ဌာန်းဖော်ပြချက်ဟာ ဒီဥပဒေမှာပါတဲ့ ဆက်စပ်နေတဲ့ ရှေ့နောက်ဖော်ပြချက်နဲ့ရော တစ်ခြား ဆက်စပ်ဥပဒေများနဲ့ပါ အနှစ်သာရအားဖြင့် ကိုက်ညီဖို့ လိုအပ်မှာဖြစ်ပါတယ်။ အခုပုဒ်မရဲ့ ပုဒ်မ ၁၄ ပုဒ်မခွဲ(က) မှာ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးသည် လွှတ်တော်အစည်းအဝေးသို့ မတက်ရောက်နိုင်လျှင် မတက်ရောက်နိုင်သည့် ကာလကို ဖော်ပြ၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးဦး ကသော်လည်းကောင်း လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌထံ ခွင့်ပြုချက်တင်ပြ တောင်းခံ ရမယ်လို့ ကျွန်တော်တို့ ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၁၄(က) မှာ၊ အဲဒီတော့ ဒီနေရာမှာဆိုရင် အကြောင်းပြချက်ဆိုတာတောင်မှ တင်ပြဖို့ ဥပဒေမှာ ပြဋ္ဌာန်းမထားတာကို သတိပြုမိပါတယ်။ ကာလ ကိုပဲ ကျွန်တော်တို့ တင်ပြဖို့ လိုတာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ခွင့်တင်ရမယ့်ကိစ္စကတော့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးရဲ့တာဝန်ဖြစ်ပါ တယ်။ ခွင့်တင်ရမှာ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ တာဝန်ဖြစ်သော်လည်းပဲ ခွင့်ရယူနိုင်ခွင့်ကတော့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီရဲ့ အခွင့်အရေးဖြစ်တယ်လို့ မှတ်ယူရမှာဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ အပိုဒ်ခွဲ (ဂ)ကို ဖြည့်စွက်လိုက်တဲ့ အခါကျတော့ ခွင့်မပြု၊ ခွင့်မတင်ရလို့ ကန့်သတ်လိုက်တဲ့ အခါကျတော့ ရှေ့ပုဒ်မမှာပါတဲ့ ကိုယ်စားလှယ်တစ်ဦးချင်းရဲ့ အခွင့်အရေးကို ကန့်သတ်ပိတ်ပင်ရာ ရောက်သွားတဲ့ အနေအထားဖြစ်သွားပါတယ်။ ဒ့ါအပြင် အရေးကြီးတဲ့ အဆုံးအဖြတ်တွေပြုတဲ့ နေရာ မှာ ပြည်သူ့ကိုယ်စားလှယ်တစ်ဦးချင်းက မိမိမှာရှိတဲ့တာဝန်ကို ကိုယ်တိုင်သိပြီးတော့ ဆောင်ရွက်ရမှာ သာ ဖြစ်ပါတယ်။ ကာယကံရှင်တစ်ဦးချင်းရဲ့ သမိုင်းလို့ ဆိုရမှာဖြစ်ပါတယ်။

ဒါပေမယ်လို့ မူရင်းဥပဒေရဲ့ အခန်း(၄)ရဲ့ တာဝန်များကိုဖော်ပြထားတဲ့ ပုဒ်မ ၉ ရဲ့ အောက် မှာ ပုဒ်မခွဲ(က)ကနေ(ဇ)အထိ (၈)ခု တည့်ထားတဲ့နေရာမှာတော့ ဆန္ဒမဲပေးခြင်းကိစ္စ ထည့်သွင်း ဖော်ပြ မထားတာကို တွေ့ရပါတယ်။ ဒါပေမယ်လို့ လုပ်ပိုင်ခွင့်ရဲ့အာက်မှာ ပုဒ်မ ၁၀ ရဲ့ ပုဒ်မခွဲ (ဃ)မှာတော့ ကျွန်တော်တို့ လွှတ်လပ်စွာဆွေးနွေးခြင်းနဲ့ ဆန္ဒမဲပေးပိုင်ခွင့်ရှိခြင်းတို့ ထည့်သွင်း ဖော်ပြခြင်းအားဖြင့် ဆန္ဒမဲပေးခြင်းဟာ ကိုယ်စားလှယ်တစ်ဦးရဲ့ လုပ်ပိုင်ခွင့်ဖြစ်နေတယ်လို့ ဥပဒေအရ ကျွန်တော်တို့ သတ်မှတ်ရမှာဖြစ်ပါတယ်။ တစ်ပြိုင်နက်တည်းမှာပဲ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ရဲ့ လုပ်ငန်းတာဝန်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၄ မှာ ပုဒ်မ ၁၁၂ မှာရှိတဲ့ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌရဲ့ လုပ်ငန်း တာဝန်တွေကို ပြဋ္ဌာန်းထားတာကို ရည်ညွှန်းထားပါတယ်။ အဲဒ့ီ ရည်ညွှန်းထားတဲ့ ပုဒ်မ ၁၁၂ (က) အရတော့ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရမယ်လို့ ပြဋ္ဌာန်း ထားတဲ့အတွက် အရေးကြီးတဲ့ ဆုံးဖြတ်ချက်များ ချမှတ်ရန်ရှိပါက ဥက္ကဋ္ဌအနေနဲ့ ကြိုတင် ညွှန်ကြားတာ၊ မှာကြားနိုင်တာ၊ လုပ်ပိုင်ခွင့်ရှိတယ်လို့ ကျွန်တော်တို့ သုံးသပ်ရမှာဖြစ်ပါတယ်။

နောက် အဲဒ့ီအပြင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ ၁၉(က) မှာ အဲဒီလို ကြီးကြပ်ကွပ်ကဲရာတွင် မိမိချမှတ်သော အမိန့်ကို တည်စေရန် လိုအပ်သော အခွင့်အာဏာ အပြည့် အဝ ကျင့်သုံးခွင့်ရှိသည်လို့ ကျွန်တော်တို့ ပြဋ္ဌာန်းထားပြီးလည်းဖြစ်ပါတယ်။ ဥက္ကဋ္ဌမှာ ကျယ်ပြန့်တဲ့ အခွင့်အာဏာများ ပေးထားပြီးဖြစ်ပါတယ်။ အဲဒ့ီအပြင် ဒီပုဒ်မမှာပဲ လွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆန္ဒပြုရမယ့် နည်းလမ်းကိုလည်းပဲ ဥက္ကဋ္ဌကပဲ ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် အားလုံး အစည်းအဝေးတက်ရောက်တဲ့ တိုင်အောင် မဲပေးခြင်းကိစ္စနဲ့ မဲပေးခြင်းကိစ္စမှာတော့ မဲမပေး

ဘဲနေနိုင်တဲ့ အခွင့်အရေးရှိတဲ့အတွက်ကြောင့် အခုလို ဥပဒေပြဋ္ဌာန်းပြီးတော့ အစည်းအဝေး တက်ရောက်ရန် ထိန်းချုပ်ခြင်းနဲ့လည်းပဲ အကျိုးရလာဒ် ထူးခြားလာမှာ မဟုတ်တာကိုလည်း ထည့်သွင်းစဉ်းစားသင့်တယ်လို့ ကျွန်တော် တင်ပြလိုခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေမှာ အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်ဆိုတာကို အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ အဲဒီအဓိပ္ပာယ်ဖွင့်ဆိုချက်မှာ အစည်းအဝေးကိုတက်ရောက်ပြီး ဆန္ဒမဲပေးတဲ့ လွှတ်တော်ကိုယ်စားလှယ်ဆိုသည်မှာ လွှတ်တော်အစည်းအဝေးတစ်ရပ်တွင် ထောက်ခံဆန္ဒမဲပေးသူ၊ ကန့်ကွက် ဆန္ဒမဲပေးသူ၊ ကြားနေ ဆန္ဒမဲပေးသူနှင့် ဆန္ဒမဲမပေးသူအားလုံးကို ဆိုသည်လို့ ကျွန်တော်တို့ ဖွင့်ဆိုထားပါတယ်။ ဒီလို အဓိပ္ပာယ်ဖွင့်ဆိုထားတဲ့အတွက်ကြောင့် အစည်းအဝေးတက်ပြီးတော့ မဲမပေးဘဲလည်း နေနိုင်တာကြောင့် မဲပေးစေလိုတဲ့ အကြောင်းရင်းနဲ့ အစည်းအဝေးတက်ရောက်ရန် ထိန်းချုပ်ခြင်းဟာ အကျိုးအာနိသင် အထူးမရှိဘူးလို့ အဖြေထွက်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယနဲ့ နောက်ဆုံးအချက်အနေနဲ့ တင်ပြချင်တာကတော့ ဒီမိုကရေစီဆိုတာက စည်းကမ်းတို့၊ တာဝန်တို့ကို ကိုယ်တိုင် သိရှိလိုက်နာကျင့်သုံးရေးကို အားပေးတဲ့ စနစ်ဖြစ်ပါတယ်။ အပေါ်ကနေပြီးတော့ အမိန့်ပေးသတ်မှတ်ပြဋ္ဌာန်းတဲ့နည်းနဲ့ ဆောင်ရွက်မှုမျိုးကို လျှော့ချရမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၉ ပါ တာဝန်များအနက်က လွှတ်တော်ကို တင်သွင်းတဲ့ ဥပဒေကြမ်းများ၊ အဆိုများနဲ့ စပ်လျဉ်း၍ ဆွေးနွေးရာမှာ နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ အကျိုးစီးပွားကိုသာ အဓိကထားခြင်းနဲ့ နိုင်ငံသားများရဲ့ မူလအခွင့်အရေးများ ရရှိခံစားနိုင်ရေးကို ရှေးရှုဆောင်ရွက်ခြင်းစတဲ့ တာဝန်တွေက ရှိပြီးဖြစ်ပါတယ်။ လွှတ်တော်ထဲမှာရှိတဲ့ ပါတီအဖွဲ့အစည်းအသီးသီးအနေနဲ့လည်းပဲ မိမိတို့ရဲ့ ကိုယ်စားလှယ်တွေကို အရေးကြီးရင် ကြီးသလို လစ်ဟင်းမှုမရှိစေရေးကို ဆိုင်ရာအကြီးအမှူးများ၊ ဆော်ဩရေးမှူးများနဲ့ နှိုးဆော်ဆောင်ရွက်နေကြတာ လည်းရှိပါတယ်။

ဥပမာအနေနဲ့ဆိုရင် ကျွန်တော်တို့ပါတီမှာ မလွှဲမရှောင်သာ ကိစ္စဖြစ်ကြောင်း ပါတီ ဆော်ဩရေးမှူးကို အသိပေးပြီး လက်ခံမှသာ လွှတ်တော်ကနေ ခွင့်ယူရမယ်လို့ သတ်မှတ်လမ်းညွှန်ထားတာရှိပါတယ်။ လွှတ်တော်ကို မပျက်မကွက်တက်ရောက်ခြင်းဟာ ကိုယ်စားလှယ်များရဲ့ အဓိကတာဝန်အဖြစ်လည်း သတ်မှတ်ထားပါတယ်။ ဒါကြောင့်မို့လို့ အခု ဖြည့်စွက်မယ့်ပြဋ္ဌာန်းချက် ပုဒ်မ ၁၄ (ဂ) ကို မဖြည့်စွက်ခြင်းဟာ ပိုပြီးတော့ သင့်လျော်မည်ဖြစ်ကြောင်း အကြံပြုတင်ပြခြင်းပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၁။**

**ဥက္ကဋ္ဌ။** ။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ အဓိကကတော့ ပြည်ထောင်စုလွှတ်တော် အတွက်ကို ရည်ရွယ်တာဖြစ်တာ၊ ခွင့်က ပြည်ထောင်စုလွှတ်တော်မှာ နာယက က ခွင့်ပြုနိုင်တယ်။ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်မှာ နာယက ကခွင့်ပြုနိုင်ခြင်းမရှိဘူး။ မည်သည့် အကြောင်းအရာက အရေးကြီးသလဲဆိုလို့ရှိရင်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တက်ရောက်ပြီးတော့ မဲဆန္ဒပေးတဲ့ ပုဂ္ဂိုလ်ရဲ့များရာ ဆန္ဒမဲနဲ့ဆုံးဖြတ်နိုင်သည်ဆိုရင်တော့ ဒါသာမန်ပဲ။ (၇၅)ရာခိုင်နှုန်း ကျော်တာနဲ့ ဆုံးဖြတ်ရမည်ဆိုရင်တော့ ဒါအထူးပဲ။ ပြည်ထောင်စုလွှတ်တော်မှာ၊ ပြည်ထောင်စုလွှတ်တော်ကို ခွင့်တင်တဲ့အခါမှာ

နာယကက ခွင့်တွေဖတ်ပြီးတဲ့အခါမှာ ခွင့်မပြုလို့ပြောလိုက်ရင် ဘာတွေဖြစ်သွားမလဲ၊ ခွင့်မပြုလို့ တစ်ခွန်းပြောလိုက်ရင် ခွင့်မဲ့ပျက်ကွက်တွေ ဖြစ်ကုန်မှာပေါ့။ ဘာမှအကြောင်းပြချက် ပေးစရာမလိုဘူး။

အဲဒီ့အတွက်ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒါသိပြီဆိုတဲ့အခါမှာ ဒီနေ့ ဒီရက်ကတော့ ဒီမှာအရေးကြီးတယ် ပြည်ထောင်စုလွှတ်တော်မှာ ခွင့်မတင်နဲ့လို့ ပြောဖို့အတွက် ဒါထည့်တာဖြစ်တယ်။ အဲဒီလို မဟုတ်လို့ရှိရင် ခုန ဦးအောင်ကြည်ညွန့် ဆွေးနွေးသလိုပေါ့၊ မဲမပေးဘဲလည်း နေနိုင်တယ်။ ကြားနေလည်း နေနိုင်တယ်။ ဒါကတော့ ဒါမှန်တယ်လေ။ သို့သော် လူများများတက်မှသာလျှင် အရေးကြီးတဲ့ ခုနလို (၇၅)ရာခိုင်နှုန်း (သို့မဟုတ်) (၇၅)ရာခိုင်နှုန်းကျော်ဆိုတဲ့ ဥစ္စာကို ဆုံးဖြတ်နိုင်မှာပေါ့။ အဲဒီ့အတွက်ကို စိတ်ပူလို့ ဒါကို ထည့်ခိုင်းတာ သဘောကတော့။ အဲဒီတော့ အဲဒီမှာ ကဲ ပြည်ထောင်စုလွှတ်တော် ခွင့်တင်တဲ့ကိစ္စ အမျိုးသားလွှတ်တော်နဲ့ ဘာဆိုင်လဲဆိုလို့ရှိရင်တော့ ပြည်ထောင်စုလွှတ်တော်ဆိုတာက An majorities ပဲ။ သူ့မှာ Main Body ဆိုတာမရှိဘူး။ လွှတ်တော်နှစ်ရပ် ပေါင်းပြီး လုပ်ရမယ့်ကိစ္စ၊ ပြည်ထောင်စုလွှတ်တော်မှာသာ ဆွေးနွေးရမယ့်ကိစ္စ (၃)မျိုး၊ နောက်တစ်ခုက လွှတ်တော်နှစ်ရပ် သဘောမတူတဲ့ကိစ္စ၊ ဒါပဲ အဓိက သူ့တာဝန်၊ ပြည်ထောင်စုလွှတ်တော်မှာ ခုနလို (၁၅)ရက်တိတိ ခွင့်မဲ့ပျက်ကွက်ဖြစ်တယ်ဆိုရင် နာယက က အရေးယူလို့မရဘူး။ ဥပဒေအရ သက်ဆိုင်ရာလွှတ်တော်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကိုပဲ အကြောင်းကြားရတယ်။ ဥပဒေကြောင်းအရ၊ နောင် အဲလိုကိစ္စတွေ ဖြစ်သွားမှာစိုးလို့ထည့်တာ၊ ဟိုမှာကတော့ ပြည်ထောင်စုလွှတ်တော်မှာတော့ ဘာမှပြောနေစရာမလိုဘူး။ ခွင့်တွေ အားလုံးတင်၊ တင်ပြီးတော့ တစ်ယောက်မှ ခွင့်မပြုဘူးလို့ကြေညာလိုက်ရင် ပြီးသွားရော၊ ဒီအထိကို စဉ်းစားမိဖို့လိုတာပေါ့။ အမျိုးသားလွှတ်တော် ချည်းပဲသက်သက် ဘာမှဒီကိစ္စမလိုဘူး။ သဘောပေါက်ပြီနော်။ ရည်မှန်းချက်က အဲဒီလိုရည်မှန်းထားတာ၊ လွှတ်တော်ကိုယ်စားလှယ်ဆိုတာက လွှတ်တော်တက်ဖို့တာဝန်ရှိတယ်လေ။ မိမိမဲဆန္ဒနယ် က ရွေးကောက်တင်မြှောက်ပေးလိုက်တာ လွှတ်တော်တက်ဖို့ပဲ။ တကယ်တမ်းကျတော့ ခုနလိုပေါ့၊ ခိုင်လုံတဲ့ အကြောင်းပြချက်မရှိဘဲနဲ့ ခွင့်ကို တင်စရာအကြောင်းကိုမရှိဘူး။ မတင်ရဘူး။ မိမိပင်ကိုယ် အသိနဲ့ကို မတင်ရဘူး။ အခု အဲဒီလိုပဲနေသလား။

နောင်ကိုရော နောင်သက်တမ်းတွေမှာပါ ဒီလိုပဲနေမလား။ ခွင့်တင်ပြီးတော့ အပြင်မှာ ကိုယ့်ကိုယ်ရေးကိုယ်တာသော်လည်းကောင်း၊ စီးပွားရေး သော်လည်းကောင်း၊ ဒါမှမဟုတ် ဒီတိုင်းပဲ အိပ်နေမှာလား၊ ဒါမျိုးတွေက မဖြစ်ဖူးလို့ မပြောနိုင်တဲ့အတွက် အရေးကြီးသောဆိုတာ ဘာအရေးကြီးလဲ၊ ကိုဇုန်လှယ်ထန်း တို့ နားလည်ဖို့က အရေးကြီးသော ဆိုတာ ခုန မဲခွဲသောအခါမှာ ဟုတ်ပြီလား။ တက်ရောက်ဆန္ဒမဲပေးသူရဲ့ (၅၀)ရာခိုင်နှုန်းကို များရာဆိုလို့ရှိရင် ဒါပုံမှန်၊ အခြားနည်း ပြဋ္ဌာန်းထားခြင်း မရှိလျှင် ဆိုတာမျိုးပေါ်လာလျှင်တော့ အဲဒါ အထူးပဲ၊ ဟုတ်ပြီလား၊ အဲဒါ အရေးကြီးတာပဲ၊ ကိုယ်အဲဒီ လောက်နားမလည်ပဲ ဒါကတော့ ဟာ သိပ်အဆင့်အတန်းနိမ့်တာပဲတွေ၊ ဘာတွေ ပြောစရာ မလိုပါဘူး။ အဲလိုဘယ်တော့မှ ပုတ်ခတ်ပြီးမပြောနဲ့။ ဦးဇုန်လှယ်ထန်း က အဲဒီ့အကျင့်ရှိတယ်။ အဲဒါ သတိပေး တာပဲ။ ဟုတ်ပြီနော်။ ကိုယ့်ဦးနှောက်လေးနဲ့ မမီတာတွေအများကြီးရှိပါတယ်။ ဘာပဲဖြစ်ဖြစ် ဒါကတော့ ခုနလိုလေ လုပ်ထုံးလုပ်နည်းအတိုင်း ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာရမှာပေါ့၊ ဆွေးနွေးစေ ချင်လို့ကို ဒါ ဆိုင်းငံ့ပြီးတော့ ဆွေးနွေးခွင့်ပေးထားတာ ဖြစ်တယ်။

လွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၇) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၈) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၅၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ မတ်လ ၁၇ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို ၁၁း၅၇ နာရီအချိန်တွင် ရပ်နားပါသည်။]